ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်တန်ခူးလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (9-4-2006)(၄၉၂၅)

အပြန်အလှန်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီး **General Y.N. Baluevsky** တို့ အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီး **General , Y.N. Baluevsky** တို့သည် ဧပြီ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ-ဒုတိယဝန်ကြီး **General Y.N. Baluevsky** တို့ မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၉-၄-၂၀၀၆
(တနင်္ဂနွေနေ့)

မြန်မာ–ရုရှား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဧပြီလ ၂ရက်နေ့မှ ၇ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)နှင့် ဧပြီလ ၃ရက်နေ့က မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အကြမ်းဖက်လုပ်ရပ်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ လက်ရှိနိုင်ငံတကာ အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)တို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေး(လ်)ဖရက်ကော့(ဗ်)က နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ **မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေးနယ်ပယ် အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတကာ အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြကြောင်း၊ ဝန်ကြီးဌာနများအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း** ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ဆက်လက်ရှင်းလင်းပြောကြားရာတွင် **မိမိတို့ နှစ်နိုင်ငံ အစိုးရအဖွဲ့များအကြား၌လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများအကြား၌လည်းကောင်း၊ တပ်မတော်နှစ်ခုအကြား၌လည်းကောင်း တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် နှစ်နိုင်ငံ ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်သည့်အနေဖြင့် လာရောက်ခြင်းဖြစ်ကြောင်း** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ ဝေးကွာစွာ တည်ရှိကြသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို အလေးထားကြသော မိတ်ကောင်းဆွေကောင်း နိုင်ငံများအဖြစ် ဆက်ဆံလျက်ရှိကြသည်။ နှစ်နိုင်ငံဆက်ဆံရေး စတင်ခဲ့သည့်အချိန်မှစ၍ အဆင့်ဆင့်သောတာဝန်ရှိပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ခိုင်မာလာခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့သည် ၂၀၀၀ ပြည့်နှစ်အတွင်းက လက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဆိုင်ရာ'မူ'များနှင့်ပတ်သက်သည့် ပူးတွဲကြေညာချက်နှင့် ၁၉၉၉ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့သော မြန်မာ–ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ညှိနှိုင်းဆွေးနွေးရန် သဘောတူစာချုပ်တို့သည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်စေသော အခြေခံကောင်းများဖြစ်သည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ–ရုရှားနှစ်နိုင်ငံတို့အကြား အစဉ်အလာအရ ဖြစ်တည်နေသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မြဲစေပြီး နှစ်နိုင်ငံတို့၏ နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂုဏ်ပြုတည်ခင်းဧည့်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တိုက်ပရွန် အိပ်စ်ပို့တ် ဥက္ကဋ္ဌ Mr. Ulyanov က မော်စကိုမြစ်အတွင်း ရေပေါ်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား Tyazhpromexport ဥက္ကဋ္ဌက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တိုက်ပရွန်အိပ်စ်ပို့တ် Tyazhpromexport ဥက္ကဋ္ဌ Mr. Ulyanov က ဧပြီ ၄ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမော်စကိုမြို့ ကရင်မလင် နန်းတော်အနီး မော်စကိုမြစ်အတွင်း ရေပေါ်ဟိုတယ် (Floating Restaurant) ၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၊ စစ်သံမှူးဗိုလ်မှူးချုပ် ထွန်းထွန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်ပြတိုက်များကို သွားရောက်၍ လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ပဥ္စမအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပြပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၈

ပဥ္စမအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာရက်သတ္တပတ် (နည်းပညာပြပွဲ) ၂၀၀၆ကို ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၂၈ရက်မှ ၃၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။ ပါဝင်ပြသရောင်းချလိုသော ကုမ္ပဏီများသည် ဧပြီ ၁၁ရက် နောက်ဆုံးထား၍ Myanmar Info-Tech တက္ကသိုလ်များနယ်မြေ(လှိုင်) လှိုင်မြို့နယ် ဖုန်း–၆၅၂၂၇၂၊ ၆၅၂၂၇၃၊ ၆၅၂၂၇၄၊ ဖက်(စ်) ၆၅၂၂၇၅ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

ဧပြီ ၆ရက်က တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှကြီးမှူး၍ ဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၆)နှင့် နွေရာသီအမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲကျင်းပရာ မြို့နယ် အလုပ်အမှုဆောင်(စီမံရေးရာ) ဦးအောင်ကိုကိုက မြို့နယ်အသင်းမှ လှူဒါန်းသော ဆန်အိတ်များအား ပရဟိတဂေဟာကယ်တင်ခြင်းတပ်အသင်းတော်(တာမွေ)သို့ လှူဒါန်းရာ ဂေဟာမှူး လက်ခံယူစဉ်။ (ကြေးမုံ)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများအားတွေ့ဆုံ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဧပြီ ၄ရက် ဒေသစံတော်ချိန် ညနေ ၆နာရီ ၅၅မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများကကြိုဆိုကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သံရုံးဝန်ထမ်းများနှင့်မိသားစုများ၊ စစ်သံရုံးဝန်ထမ်းများနှင့်မိသားစုများအား တွေ့ဆုံ၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ၂၀၀၆ ခုနှစ် ဧပြီ ၂ရက်မှစတင်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ အစဉ်အလာဆက်ဆံရေးနှင့် ချစ်ကြည်ရေး မြှင့်တင်သွားမည့် အခြေအနေများကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာဌာနများနှင့် ဝန်ကြီးဌာနများကို နေပြည်တော်မြို့တော်သို့ ပြောင်းရွှေ့ခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံကိုခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အဆင့်ဆင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်နှင့် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကျင်းပပြီး အခြေခံဥပဒေသစ်ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရန်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ ပြည်သူများ စားဝတ်နေရေးဖူလုံမှုနှင့် ပြည်သူများ ပညာရည်မြင့်မားမှုတို့ လိုအပ်ပုံကိုလည်းကောင်း၊ ထိုအခြေအနေများပြည့်စုံစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပ အဖျက်အန္တရာယ်များကြားက ကြိုးပမ်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ လည်းကောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းများအနေဖြင့် ရောက်ရာဒေသတွင် မိမိတို့ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး မှာကြားသည်။

မြန်မာနှစ်သစ်ကူးအကြိုကန်တော့

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့အား သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက မြန်မာနှစ်သစ်ကူးအကြို မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ ကန်တော့ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ သံရုံးဝန်ထမ်းများနှင့် မိသားစုများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးသို့လည်းကောင်း၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအတွက် စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းသို့လည်းကောင်း ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့်ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲပြီးနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် President Hotel သို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။

(သတင်းစဉ်)

နှုတ်ခွန်းဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မော်စကိုမြို့ရှိ မြန်မာသံရုံးတွင် သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများအား နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မော်စကိုမြို့ရှိ မြန်မာသံရုံးတွင် သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

လှူဒါန်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) (၃၁) ရပ်ကွက်၊ ဇေယျာအောင်မြေလမ်းနေ မောင်လွှမ်းမိုးဇေယျ-မစုစုနိုင်တို့က မင်္ဂလာဦး အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

ယနေ့ မိုးလေဝသ

(၉-၄-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဂျာမနီနိုင်ငံ ဒရက်စဒန်မြို့တွင် ရေကြီးနေသည်ကို ဧပြီ ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စင်ကာပူနိုင်ငံသို့ အလုပ်သွားလုပ်လိုသည့် မလေးရှားနိုင်ငံသားများ ပွဲစားများနှင့် မဆက်သွယ်သင့်ဟု တာဝန်ရှိသူပြောကြား

ကွာလာလမ်ပူ ဧပြီ ၇

စင်ကာပူနိုင်ငံတွင် အလုပ်ရှာဖွေနေသည့် မလေးရှားပြည်သူ၊ ပြည်သားများအနေဖြင့် အလုပ်အကိုင်ရရှိရေးအတွက် လုပ်ငန်းပွဲစားများနှင့် ဆက်သွယ်မှုမပြုလုပ်ကြဘဲ ကင်းကင်းနေကြရန် မလေးရှားတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တိုက်တွန်းပြောကြားထားသည်။ စင်ကာပူနိုင်ငံတွင် အလုပ်အကိုင်ရနိုင်ရန်အတွက် လုပ်ငန်းပွဲစားများနှင့် ဆက်သွယ်နေကြသည့် မလေးရှားများအနေဖြင့် ပွဲစားများသည် စစ်မှန်မှု ရှိ၊ မရှိ အသေအချာစစ်ဆေးရန် လိုအပ်သည်ဟု မလေးရှား လူ့အရင်းအမြစ်ဌာန ဝန်ကြီး ဖွန်ချန်အွန်က ပြောကြားသည်။

ပွဲစားများမှတစ်ဆင့် အလုပ်ရှာနေသည့် မလေးရှားနိုင်ငံသားများ အထူးသဖြင့် ဆာဘားနှင့် ဆာရာဝပ်မှသူများသည် စင်ကာပူသို့ ရောက်ရှိနေစဉ် အလိမ်ခံရသည့်သတင်းများရရှိနေသည်ဟု အဆိုပါဝန်ကြီးဌာနက ပုထရာဂျာယာတွင် ပြောကြားသည်။ အလုပ်ရှာဖွေသူ မလေးရှားများအနေဖြင့် လုပ်ငန်းပွဲစားများ၏အခြေအနေကို စစ်ဆေးရန်လိုအပ်ပြီး လူ့အရင်းအမြစ်ဌာနရုံးများနှင့် နိုင်ငံတစ်ဝန်းရှိ ရုံးခွဲများမှတစ်ဆင့် သတင်းအချက်အလက်များ စုံစမ်းကာ စစ်ဆေးသင့်သည်ဟု ၎င်းတာဝန်ရှိပုဂ္ဂိုလ်က တိုက်တွန်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဂျီဘူတီနိုင်ငံ ကမ်းလွန် ပင်လယ်နီရေပြင်တွင် နစ်မြုပ်သွားသောသင်္ဘောမှ ခရီးသည်များအား ကယ်ဆယ်ရေး ဆောင်ရွက်နေကြသည်ကို ဧပြီ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဥရောပအလယ်ပိုင်း၌ မြစ်ရေကျဆင်းစပြု

ပါရာဂွေး ဧပြီ ၇

ဥရောပအလယ်ပိုင်း၌ ယခင်ရက်သတ္တပတ်ကျော်က မြစ်ရေကြီးမှုကြောင့် လူအများအပြား သေဆုံးခဲ့ကြောင်း၊ အဆိုပါ မြစ်ရေစတင်ကျဆင်းဖွယ်ရှိသော်လည်း စိုးရိမ်ဖွယ်အခြေအနေများ ဆက်လက်ရှိနေကြောင်း အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားသည်။

ဂျာမနီနိုင်ငံအရှေ့ပိုင်း ဒရက်စဒန်မြို့၌ ဧပြီ ၅ ရက်တွင် မြစ်ရေချိန်အမှတ်သည် ၁ စင်တီမီတာမျှ ကျဆင်းသွားသည့်တိုင်အောင် မြစ်ရေအမြင့်သည် ၇ ဒသမ ၄၂ မီတာအဆင့်တွင် ရှိနေဆဲဖြစ်သည်။ အဆိုပါ မြစ်ရေသည် ရက်သတ္တပတ်ကုန်တွင် စိုးရိမ်ဖွယ်အခြေအနေကိုကျော်လွန်ပြီး ဖြည်းဖြည်းချင်း ဆက်လက်ကျဆင်းသွားဖွယ်ရှိသည်ဟု ဖော်ပြထားသည်။

သုံးဆမြင့်တက်

သို့သော် အယ်လ်ဘာမြစ်မြောက်ဖျားပိုင်းဒေသတွင် အသက်အိုးအိမ် စိုးရိမ်ဖွယ် အခြေအနေများရှိနေဆဲဖြစ်သည်။ တော်ဂါမြို့နှင့် မက်ဒီဘာမြို့၌ မြစ်ရေချိန်သည် သာမန်ထက် သုံးဆမြင့်တက်လျက်ရှိပြီး အဆိုပါ မြစ်ရေသည် မြောက်ပင်လယ်သို့ ဆက်လက်စီးဝင်သွားမည်ဖြစ်သည်။

ဟန်ဂေရီနိုင်ငံတွင် ဒင်ညုမြစ်၏ မြစ်ရေချိန်သည် အမြင့် ၈ ဒသမ ၆၁ မီတာရှိနေရာမှ ဧပြီ ၅ရက် နံနက်တွင် ၁၀ စင်တီမီတာ ကျဆင်းခဲ့သည်ကို ဘူဒါပက်စ်ဒေသ၌ ဧပြီ ၄ ရက် ညပိုင်း တိုင်းတာချက်အရသိရှိရသည်။

ဒင်ညုမြစ်ရေသည် ပုံမှန်ရေအမှတ်သို့ ပြန်လည်ရောက်ရှိရန် အနည်းဆုံး ရက်သတ္တတစ်ပတ် ကြာမည်ဖြစ်ကြောင်း၊ သို့သော် ဟန်ဂေရီမြို့တော်၌ အရေးပေါ်အခြေအနေကို ဆက်လက် ထုတ်ပြန်ထားကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ချက်နိုင်ငံ ဒေသ ၁၄ ခုအနက် ခုနစ်ခုတွင် အရေးပေါ်အခြေအနေကို ကိုးရက်အထိ ထပ်မံတိုးမြှင့်ထုတ်ပြန်ကြေညာခဲ့သည်။

သတိပေးချက်

အရှေ့တောင်တန်း ဒေသများတွင် ဆီးနှင်းများ အရည်ပျော်လာခြင်းနှင့် မိုးရွာသွန်းမှုတို့ကြောင့် ရေကြီးဖွယ်အခြေအနေကြုံရဖွယ်ရှိကြောင်း ဧပြီ ၅ ရက် ညနေပိုင်းတွင် အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

အနည်းငယ်ကျ

ချက်နိုင်ငံရှိ မြစ်ရေချိန်အမှတ်များအားလုံးသည် ဧပြီ ၅ ရက်တွင် အနည်းငယ်စီကျဆင်းခဲ့ပြီ ဒေသ ၂၃ ခုတွင် မြစ်ရေကြီးမှု သတိပေးချက် ထုတ်ပြန်ထားဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျီဘူတီနိုင်ငံမှ သင်္ဘောနစ်မြုပ် လူ၇၃ဦးထက်မနည်းသေဆုံး

ဂျီဘူတီ ဧပြီ ၈

ခရီးသည် ၂၅၀ တင်ဆောင်လာသည့် ဂျီဘူတီနိုင်ငံမှ သင်္ဘောတစ်စင်းသည် ကြာသပတေးနေ့က ကမ်းလွန်တစ်နေရာတွင် နစ်မြုပ်ခဲ့သဖြင့် အနည်းဆုံး လူ ၇၃ ဦး သေဆုံးခဲ့ရာ ဂျီဘူတီနိုင်ငံအတွက် လတ်တလော အချိန်အတွင်း ကြေကွဲဖွယ်ရာ ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

သစ်သားဖြင့်ပြုလုပ်ထားသည့်အဆိုပါ သင်္ဘောသည် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်လာပြီး သင်္ဘော၏ ခံနိုင်ဝန်အားနှင့် မမျှသည့် ခရီးသည် သုံးဆခန့် တင်ဆောင်ခဲ့သည့်အတွက် ဂျီဘူတီဆိပ်ကမ်းမှ မီတာ ၁၀၀ အကွာ ပင်လယ်နီရေပြင်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းသင်္ဘောသည် အရှေ့မြောက်ပိုင်း ၃၅ ကီလိုမီတာအကွာရှိ တက်ဂျူရာမြို့သို့ ဦးတည်ထွက်ခွာနေခြင်း ဖြစ်သည်။ ယင်းသင်္ဘောသည် ဂျာမက်ဒေသသို့ ဘုရားဖူးခရီးအဖြစ် ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် နစ်မြုပ်သွားခြင်းဖြစ်သည်။

ဒေသခံ ရေလုပ်သားများ၊ ပြင်သစ်နှင့်ဂျီဘူတီရေတပ်တို့မှ သင်္ဘောနစ်ရာသို့ လာရောက်၍ ကယ်ဆယ်ကြသည်။ ခရီးသည်အများစုမှာရေမကူးတတ်သည့် သက်ကြီးရွယ်အိုများဖြစ်ကြသည်။

ယခုအချိန်အထိ ခရီးသည် ၂၀ ခန့် ပျောက်ဆုံးနေသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ခရီးသည်၃၆ဦးကို ဆေးရုံတင်ထားရပြီး ခရီးသည်ခုနစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိသည်ဟုဆိုသည်။

ဂျီဘူတီနိုင်ငံသည် ပင်လယ်နီဒေသရှိ နိုင်ငံငယ်တစ်နိုင်ငံဖြစ်ပြီးလူဦးရေသုံးသိန်းသာရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှုအပေါ် ချမ်းသာသည့်နိုင်ငံများ၏ တုံ့ပြန်မှု နှေးကွေးနေဟု အက်ဖ်အေအို ဝေဖန်

မဒရစ် ဧပြီ ၇

ကမ္ဘာတစ်ဝန်းရှိ ချမ်းသာကြွယ်ဝသည့် နိုင်ငံများသည် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားစဉ်အချိန်တွင် ရောဂါအပေါ် တုံ့ပြန်အရေးယူမှု လွန်စွာနှေးကွေးလျက်ရှိကြပြီး ယင်းရောဂါတိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၆ သန်းသာ ပေးခဲ့ကြကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က မဒရစ်မြို့တွင် ကြာသပတေးနေ့က ပြောကြားသည်။

ခန့်မှန်းခြေအရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံလိုအပ်နေကြောင်း၊ သို့ရာတွင် အဆိုပါရောဂါသည် ရှုရှားအထိ ကူးစက်သွားမှသာ ချမ်းသာကြွယ်ဝသည့်နိုင်ငံများက ငွေကြေးတုံ့ပြန်ဖြည့်ဆည်းပေးခဲ့ကြကြောင်း အက်ဖ်အေအို အကြီးအကဲ ဂျက်ဒိုင်အုက ပြောကြားသည်။ အရှေ့တောင်အာရှဒေသတွင် ယင်းရောဂါဖြစ်ပွားနေစဉ် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် ဝင်ရောက်ကူညီခဲ့ပါက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ရပ်ဆိုင်းသွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အချိန်နှောက်ကျ

မိမိတို့၏ နည်းပညာဆိုင်ရာ ဝန်ထမ်းများသည် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် အရှေ့တောင်အာရှဒေသရှိ အခြားခုနစ်နိုင်ငံတို့တွင် လုပ်ငန်းလုပ်ကိုင်နေကြသော်လည်း မိမိတို့ဝန်ထမ်းများအနေဖြင့် ယင်းရောဂါကို တိုက်ဖျက်ရန် အချိန်နှောက်ကျနေပြီဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဂျပန်နိုင်ငံတွင် ကွန်ပျူတာအသစ်များ တပ်ဆင်ထုတ်လုပ်နေသည်ကို ဧပြီ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

နယူးဂျာစီပြည်နယ်တွင် ကုန်ရထားနှင့် အမှိုက်သယ်ယာဉ် တိုက်မိ

နယူးယောက် ဧပြီ ၇

ကုန်တင်ရထားတစ်စင်းက အမှိုက်သယ်ယာဉ်တစ်စီးကို နယူးဂျာစီပြည်နယ်တွင် တနင်္လာနေ့ နံနက်ပိုင်းက တိုက်မိခဲ့သဖြင့် ယာဉ်ပေါ်လိုက်ပါလာသူနှစ်ဦး သေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။

ယင်းသို့တိုက်မိပြီး မော်တော်ယာဉ်မီးလောင်ရာ လိုက်ပါလာသူနှစ်ဦး မရှောင်ရှားနိုင်ခဲ့ကြောင်း၊ သို့ရာတွင် ရထားခေါင်းတွဲပေါ်၌ လိုက်လာသည့် အင်ဂျင်နီယာနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း စသည်ဖြင့် နယူးယောက်မီးရထားဌာနမှ ပြောရေးဆိုခွင့်ရှိသူ သောမတ်စ်ဗီအိုနီးက ပြောကြားသည်။

ရထားနှင့်ယာဉ်ဆုံရာ လမ်းတွင် အချက်ပြ မီးပြထားပြီး မီးရထားကလည်း ဥသြဆွဲခဲ့ကြောင်း၊ သို့ရာတွင် ယင်းလမ်းဆုံ၌ အတားအဆီးဂိတ်မရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဩစတြေးလျ၌ ရေလွှမ်းမိုး ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့

ကင်ဘာရာ ဧပြီ ၇

ဩစတြေးလျနိုင်ငံ ကက်သရင်းမြို့၌ ဧပြီ ၆ ရက်တွင် မိုးများရွာသွန်းမှုကြောင့် အဆိုပါမြို့တွင် ရေလွှမ်းမိုးသွားပြီး ကက်သရင်းမြစ် ကမ်းပါးပြိုမှု ဖြစ်ပွားခဲ့ကြောင်း၊ ထိုမြို့ရှိ ပြည်သူ ရာပေါင်းများစွာကိုလည်း ဘေးလွတ်ရာသို့ စတင်ပြောင်းရွှေ့ခဲ့ကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဒါဝင်မြို့မြောက်ဘက် ကီလိုမီတာ ၃၀၀ အကွာရှိ အဆိုပါမြို့၌ ပြည်သူ ၂၀၀၀ ခန့်သည် အရေးပေါ် အခြေအနေနှင့် ကြုံတွေ့နေကြသည်။

မျှော်မှန်းထား

ထိုမြို့၌ မုတ်သုံမိုးရွာသွန်းပြီးနောက် မြစ်ရေသည် ၁၈ မီတာ(၅၉ ပေ) ခန့်မြင့်တက်မည်ဟု မျှော်မှန်းထားသည်။ အဆိုပါမြို့တွင် ရေကြီးမှုနှင့် ကြုံတွေ့ခဲ့ရသဖြင့် မြေနိမ့်ဒေသရှိ ပြည်သူများကို ကုန်းမြင့်ဒေသသို့ ပြောင်းရွှေ့ခဲ့ကြကြောင်း မြောက်ပိုင်းဒေသ ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားခဲ့သည်။

ရွှေ့ပြောင်းခဲ့

ကက်သရင်းမြစ်ကမ်းပါးသည် ၁၉၉၈ ခုနှစ်တွင် ကျိုးပေါက်ခဲ့ကြောင်း၊ ထိုအချိန်က မြစ်ရေသည် မီတာ ၂၀ (၆၆ ပေ)အမြင့်အထိ တက်ခဲ့သည်။ ထိုမြို့၌ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီး မိုးရေချိန် မီလီမီတာ ၆၀၀ ကျော် ရွာသွန်းခဲ့ကြောင်း၊ ကက်သရင်းမြို့ရှိ လူဦးရေ ထက်ဝက်ခန့်သည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်

ဒါကာ ဧပြီ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းဒေသရှိ ဂျာဒိုကာတီခရိုင်တွင် ကြာသပတေးနေ့ နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်သွားခဲ့သဖြင့် လူနှစ်ဦးသေဆုံးပြီး အခြားလူ ၅၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ကြသည်။

တိုက်ခတ်

အဆိုပါ လေမုန်တိုင်းသည် လူအများ အိပ်ပျော်နေစဉ် တိုက်ခတ်သွားခြင်းဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်း နာရီပိုင်းကြာသည်အထိ တိုက်ခတ်ခဲ့မှုကြောင့် အိမ် ၂၀၀ ခန့် ပြားပြားဝပ်ပြိုလဲကျကာ ခရိုင်ရှိ ကျေးရွာတစ်ရွာမှ လင်မယားနှစ်ဦးတို့ သေဆုံးခဲ့သည်ဟု ဆိုသည်။

လေမုန်တိုင်း တိုက်ခတ်မှု ဒဏ်ကြောင့် လယ်ယာသီးနှံစိုက်ခင်းများ အကြီးအကျယ် ပျက်စီးခဲ့သော်လည်း တန်ဖိုးကို အကဲဖြတ်နိုင်ခြင်း မရှိသေးပေ။

ပိတ်ဆို့

လေမုန်တိုင်း တိုက်ခတ်သဖြင့် သစ်ပင်များအမြစ်မှ ကျွတ်ထွက်ကုန်ပြီး လျှပ်စစ်မီးတိုင်များလည်း လဲကျကာ လမ်းပိတ်ဆို့မှုဖြစ်ခဲ့သည်။

ကြိုးပမ်း

လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်အတွက် ကြိုးပမ်းနေကြသော်လည်း ‘အချိန်အတော်ကြာကြာ လုပ်ရဦးမည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဂျပန်မော်တော်ကားစက်ရုံမှ ထုတ်လုပ်ထားသည့်ကားများကို ဧပြီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘောဒီးယားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် လူငယ်တစ်ဦးသေဆုံး

ဖနောင်ပင် ဧပြီ ၇

ကမ္ဘောဒီးယားနိုင်ငံအရှေ့တောင်ပိုင်း ဖရေဗင်ပြည်နယ်၌ အသက် ၁၂ နှစ်အရွယ် ယောကျာ်းကလေး တစ်ဦးသည် ဧပြီ ၅ ရက်တွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့်သေဆုံးခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကလေးသည် ဖျားပြီး အသက်ရှူကျပ်သည့် ရောဂါလက္ခဏာဖြင့် ဧပြီ ၄ ရက်တွင် ဖနောင်ပင်ဆေးရုံသို့ တင်ထားခဲ့ရသည်။ ဧပြီ ၅ ရက် နံနက်တွင် ၎င်းကလေး သေဆုံးသွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါဌာနမှူး လိုင်ဆိုနမ်က ပြောဆိုခဲ့သည်။

၎င်းတွင် ကြက်ငှက်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရကြောင်း ဖနောင်ပင်မြို့ရှိ ကျန်းမာရေးဌာနက စစ်ဆေး တွေ့ရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ယခုနှစ်အတွင်း သေဆုံးသူ ခြောက်ဦးရှိသည့် ခွမ်ပွန်ဆူ ပြည်နယ်တွင် အသက်သုံးနှစ်အရွယ် မိန်းကလေးတစ်ဦးသည်ကြက်နာကျနေသောကြက်များနှင့်ထိမိ၍ ကြက်ငှက်ရောဂါပိုးကူးစက်ကာသေဆုံးသွားခဲ့သည်။

ကြက်ငှက်ဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် သေဆုံးသွားသော ယောကျာ်းကလေး၏အကြောင်းရင်းကိုဆက်လက်စုံစမ်းဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်တင်အမေရိကသို့ တရုတ်ခရီးသည်များ ပိုမိုသွားရောက်ဖွယ်ရှိ

ပေကျင်း ဧပြီ ၇

အနာဂတ်တွင် လက်တင်အမေရိကသို့ တရုတ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ ခရီးသွားဧည့်သည်အဖြစ် ပိုမိုသွားရောက်ဖွယ်ရှိသည်ဟု ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တရုတ်ခရီးသွားဧည့်သည်များအတွက် လက်တင်အမေရိကသည် စူးစမ်းလေ့လာရန်ကောင်းပြီးထူးဆန်းသော ကုန်းမြေအဖြစ် တည်ရှိကြောင်း ကိုင်ဆာအပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးအဖွဲ့ အထွေထွေမန်နေဂျာ ချန်အာဘင်က ပြောကြားခဲ့သည်။ ပေကျင်း၌ ဧပြီ ၃ ရက်မှ ၅ ရက်ထိ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေး ပွဲတော်ကျင်းပစဉ် ၎င်းက အထက်ပါအတိုင်း ပြောဆိုခဲ့သည်။

လူနီအင်ဒီးယန်းယဉ်ကျေးမှု၊ အပူပိုင်းတောမြေ၊ဆမ်ဘာအကနှင့် ထူးခြားသောရှုခင်းများသည် တရုတ်ခရီးသွားဧည့်သည်များ အတွက် စွဲမက်ဖွယ်ရှိပြီး လက်တင်အမေရိကသည် တရုတ်ပြည်သူတို့အတွက် စီးပွားရေးအချက်အချာဖြစ်သည်ဟု ချန်က ပြောကြားခဲ့သည်။

ပီရူး၌ တရုတ်စားသောက်ဆိုင် အများအပြားရှိကြောင်း၊ စားသောက်ဆိုင်အမည်များကို တရုတ်ဘာသာဖြင့် ရေးသားဖော်ပြထားကြောင်း ပီရူးခရီးသွားလာမှု မြှင့်တင်ရေးကော်မရှင်ညှိနှိုင်းရေးမှူးအန်ဂျီလာမာရက်ကပြောကြားခဲ့သည်။

ခရီးသွားလာရေးပွဲတော်သုံးရက်ကြာကျင်းပစဉ်မက္ကဆီကို၊ ပီရူးနှင့် ကျူးဘားနိုင်ငံသို့ ခရီးသည်လာရောက်ရန် ဆွဲဆောင်ခဲ့ကြသည်။

တရုတ်နိုင်ငံနှင့် လက်တင်အမေရိကအကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှု အလျင်အမြန် ပြေးဆွဲရန် လိုအပ်လျက်ရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ မက္ကဆီကိုနိုင်ငံသည် တရုတ်ခရီးသွား ဧည့်သည်များကို ဖိတ်ခေါ်သော်လည်း အဆိုပါနိုင်ငံသို့ ရောက်ရှိရန် နာရီ၂၀ ကျော်မျှ ခရီးနှင်ရကြောင်း မက္ကဆီကိုသံအမတ် ရီဂီအိုလေးလိုပက်ဇ်က ပြောကြားခဲ့သည်။

မကြာသေးမီနှစ်က တရုတ်နှင့် လက်တင်အမေရိကတို့သည် ကုန်သွယ်ရေးလုပ်ငန်း၌ လျင်မြန်စွာ တိုးတက်လာကြသည်။ နှစ်နိုင်ငံပြည်သူများကြား၌ နားလည်မှု ပိုမိုရရှိရန် ခရီးသွားလာမှုကဏ္ဍသည်အဓိကကဏ္ဍအနေဖြင့် ပါဝင်လျက်ရှိသည်ဟု ဖော်ပြခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ အာချေးဒေသမှ တံငါသည်တစ်ဦးအား ဖမ်းမိသည့် ငါးကြီးတစ်ကောင်နှင့်အတူ ဧပြီ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ပြုလုပ်သော ဖက်ရှင်ပြပွဲတစ်ခုကို ဧပြီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နာဂျက်ဖ်မြို့တွင်ကားဗုံးပေါက်ကွဲ၊ ၁၀ ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် ဧပြီ ၇

အီရတ်နိုင်ငံ တောင်ပိုင်းဒေသရှိ ရှီးယိုက်အများစုနေထိုင်ရာ နာဂျက်ဖ်မြို့တွင် ကြာသပတေးနေ့က ကားဗုံးပေါက်ကွဲသဖြင့် လူ ၁၀ ဦးထက်မနည်း သေဆုံးပြီး လူ ၄၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲသတင်း ရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကားဗုံးပေါက်ကွဲခြင်းကြောင့် အဆောက်အအုံ ထိခိုက်မှုမရှိဟု အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ ဆမ်မာရာမြို့တွင် အထင်ကရ အဆောက်အအုံတစ်ခု ဖေဖော်ဝါရီ ၂၂ ရက်က ဖောက်ခွဲခံရပြီး အကြမ်းဖက် လုပ်ငန်းများ တိုးမြှင့်ပေါ်ပေါက်စဉ် ယခု ပေါက်ကွဲမှု ထပ်မံပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

နာဂျက်ဖ်ရှိအဆောက်အအုံတွင် ယင်းသို့ ကြာသပတေးနေ့က ပေါက်ကွဲမှု ဖြစ်ပွား ခြင်းကြောင့် ဂိုဏ်းဂဏဆိုင်ရာ အပြန်အလှန်တိုက်ခိုက်မှုများ ပေါ်ပေါက်လာနိုင်ပြီး အီရတ်ပြည်တွင်းစစ်ဖြစ်ပွားမည်ကို စိုးရိမ်နေရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်တောင်ပိုင်းတွင် ကားနှစ်စီးတိုက်မိ

ဟနွိုင် ဧပြီ ၆

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း၌ ကားနှစ်စီး တိုက်မှုဖြစ်ပွားရာ ယာဉ်မောင်းနှစ်ဦးအပါအဝင် ဗီယက်နမ်လူမျိုးရှစ်ဦး နေရာ၌ပင် သေဆုံးခဲ့ပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဒေါင်နိုင်ပြည်နယ် ဒင်ကွန်ဒေသ၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ခရီးသည် ၁၅ ဦး လိုက်ပါလာသော ကားနှင့် အခြားခရီးသည် ၁၅ ဦး လိုက်ပါလာသော ကားနှစ်စီးတို့ ခေါင်းချင်းဆိုင် တိုက်မိခဲ့ကြပြီး ထိုကားနှစ်စီးစလုံး မီးလောင်ပျက်စီးသွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါးစပ်သတင်း၊ အရပ်သတင်းမီဒီယာနဲ့ ဘက်လိုက်မှုသတင်းပညာများကြားမှာ ဝါဒမှိုင်းမမိကြစေဖို့ ...

ဇန်ဇန်

သတင်းစာဆရာကြီးတစ်ဦး ရေးသားခဲ့သော ခေါင်းစဉ် တစ်ခုကို သတိရမိသည်။ 'ကြည့်သောသူသည်မြင်၏'တဲ့။

တစ်ခေတ်က သတင်းစာတစ်စောင်တွင် ထိုခေါင်းစဉ်ဖြင့် ရေးသားခဲ့သော ဆောင်းပါးများကို ဖတ်ရှုခဲ့ရဖူးသည်။ ယခုလည်း ထိုခေါင်းစီးကို မှတ်မှတ်ရရ ဖြစ်နေသည်။

ဟုတ်သည်။ ကြည့်သောသူမြင်သည်။ ကြည့်တတ်သူသည် ပိုမြင်သည်။ ထိုကြည့်တတ်ဖို့အတွက် အနီးအဝေး၊ ရှုထောင့်အကွာအဝေး၊ မှန်နေသူက ကြည့်တာလား၊ တုန်နေသူက ကြည့်တာလားဆိုတာကိုလည်း ထည့်တွက်ရမည်။

အရာဝတ္ထုတစ်ခုကို မှုန်နေသူကြည့်သောအမြင်နှင့် ကြည်လင်သူကြည့်သောအမြင် ကွာခြားသွားနိုင်သည်။

ထိုမှ တစ်ဆင့်တက်၍ဆိုရလျှင် အကြောင်းအရာဖြစ်ရပ်တစ်ခုကို သိကြားနားထောင်ပြီး ပြန်လည်၍ အများသိအောင် သတင်းတစ်ပုဒ် ထုတ်လုပ်တော့မည်ဆိုလျှင် အမြင်မှုန်ဝါးနေသူမြင်သော သတင်းအမြင်နှင့် အမြင်ကြည်လင်သူမြင်သော သတင်းအမြင်တို့ကွာဟလျှင် တင်ပြပုံလည်း ကွာဟသွားနိုင်သလို အန္တရာယ်ပါဖြစ်စေနိုင်သည်။

မိမိတို့ပြည်တွင်းမီဒီယာများအနေဖြင့် ကိုယ်နေထိုင်သည့်ဝန်းကျင်ကို ကိုယ်သာအသိဆုံးမို့ မမြင်မကြားရသောဒေသမှာ နေထိုင်ကြသည့် လူတစ်စုက ကိုယ့်ပြည်တွင်းမှ ဖြစ်ရပ်များအပေါ် ပုံပျက်ပန်းပျက် ဝေဖန်ထိုးနှက်နေမှုများအတွက် ရှင်းလင်းစွာ တုံ့ပြန်ရေးသားရမည်မှာ 'မိမိတို့ မီဒီယာများ၏တာဝန်'ဖြစ်လာသည်။

အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အရေးအရာများ အပါအဝင် မည်သည့်နယ်ပယ်တွင်မဆို စိတ်ဝမ်းကွဲအောင်၊ တွေဝေအောင်၊ ဟုတ်နိုးယောင်ယောင်အဖြစ် ပါးစပ်သတင်း၊ အရပ်သတင်းများကို အနောက်အုပ်စုမှ မွေးထားသောအသံလွှင့်ဌာနများက မှားယွင်းစွာ ထုတ်လွှင့်နေသည့်သာဓကများ အများကြီးရှိနေသည်။ သို့သော် ထိုသတင်းမှားများအတွက် အမှန်ပေါ်လွင်ပါကလည်း 'ပြန်လည် ပြင်ဆင်ချက်'ဆိုပြီး ထုတ်လွှင့်ပေးသည်ကို ကြားမိပါသလား၊ သက်သေသက္ကာယအဖြစ် ထုတ်နုတ်ပြောရမည်ဆိုလျှင် များစွာရှိနေပါသည်။

မိမိတို့ပြည်တွင်းရှိ သတင်းသီအိုရီသမားကြီးများကလည်း ပြည်တွင်းစာနယ်ဇင်းသမားများအပေါ်သာ ဘယ်ဟာလေးကို ဘယ်လိုရေး၊ အမှားဖြစ်လျှင် ပြင်ဆင်ချက်ထည့်ပေး၊ သတင်းတန်ဖိုးဆိုတာဘယ်လို၊ ဘယ်ဟာ၊ မှုခင်းသတင်းဆိုတာ ဘယ်အဆင့် စသည်ဖြင့် သတင်းသီအိုရီပညာများစွာ ဖြန့်ဖြူးပေးနေနိုင်သော်လည်း ပြည်ပသတင်းဌာနများ၏ Transform ဖြစ်နေသည့်၊ မိမိတို့ကိုထိုးနှက်သည့် သတင်းမှားများအပေါ် တုံ့ပြန်ချေဖျက်ပေးစွမ်းမရှိသည်ကိုလည်းတွေ့နေရသည်။ ထိုသို့အမျိုးသားရေးကိစ္စတွင် အားနည်းချက်များ ရှိလေလေ၊ ကျားချောင်းသလို ချောင်းနေသူတို့အဖို့ အတင့်ရဲစွာ သွေးကွဲအောင်ကြံစည်ရန် ပိုလွယ်လေသာဖြစ်နေပေလိမ့်မည်။

တချို့မြင်မိတာလေးတွေပြောရလျှင် ရယ်ဖွယ်ပင်ကောင်းလှသည်။ အမေရိကန်၏ VOA နှင့် ဗြိတိန်၏ BBC တို့သည် အခြားမွေးစားအသံလွှင့်ဌာနခွဲလေးများဖွဲ့ပြီး ကမ္ဘာ့ဒေသအလိုက် သတင်းဌာနများ ထူထောင်ကာ 'သတင်းကိုလိုနီ'ပြုနေချိန်တွင် သူတို့ကို အထိုက်အလျောက် ထိုးနှက်တုံ့ပြန်နိုင်စွမ်းရှိလာသည့် အရှေ့အလယ်ပိုင်းမှ အသံလွှင့်ဌာနတစ်ခုကို ဗုံးကြဲပြီးဖြိုခွဲရန်ပင် ကြံစည်သည်ဆိုတော့ သူတို့ဘက်ကျတော့ သိပ်သိပါလား၊ ရယ်စရာကောင်းလှချည်လားဟု မြင်မိသည်။

အနောက်အုပ်စုသည် သူတို့နှင့် ခလေ့ထုံးတမ်း၊ ယဉ်ကျေးမှု၊ စရိုက်လက္ခဏာ၊ တွေးပုံခေါ်ပုံ၊ တင်ပြပုံမတူညီသော 'အယ်လ်ဂျာဇီးရား' ကဲ့သို့ အာရပ်ရုပ်သံလိုင်းကို သူတို့ အနောက်ပရိသတ် ကြည့်ရှုသိကြားခံစားထိတွေ့မှာကို အလွန်ဝန်လေးနေသည်။ ထို့ကြောင့် အယ်လ်ဂျာဇီးရားရုပ်သံလိုင်းကို သူတို့ဆီတွင် ပိတ်ပင်တားဆီးထားသည်။

'သတင်းဆိုတာ လွတ်လပ်စွာ'လို့ ဆိုနေသည့် အနောက်အုပ်စု၏ နယ်စည်းမခြား သတင်းသမား ဆိုသူများကလည်း သူတို့ကိုယ်တိုင် စည်းခြားချင်လျှင် ခြားလို့ရနေသည်။ နှာစေးလိုလျှင် စေးလို့ရနေသည်။ ထိမ်ချန်လိုလျှင် ရေငုံနှုတ်ပိတ်နေလိုက်ကြသည်။

ထိုရောအခါ 'ဒီမိုကရေစီ'ဆိုတာ ဘာပါလိမ့်၊ ဘယ်စံပါလိမ့်ဟု သူတို့ကိုပင် ပြန်မေးစရာဖြစ်လာသည်။

ထိုသို့ရှုံ့စောင်းနေသော ဖြစ်ရပ်မှန်များရှိနေသည်ကို နားလည်ရှုမြင်နိုင်သည့် အရှေ့တောင်အာရှမှ စီးပွားဖြစ်ထွန်းနေသော စင်ကာပူ၏ ဝါရင့်ဝန်ကြီး လီကွမ်ယူက 'စင်ကာပူသားများအနေဖြင့် အရှေ့အလယ်ပိုင်းနှင့် ပိုမိုရင်းနှီးစွာအလုပ်လုပ်မည်ဆိုလျှင် အယ်လ်ဂျာဇီးရားကိုကြည့်သင့်သည်'ဟု တလောက မှတ်ချက်ပေးလိုက်သည်။

ဒါသည်ပင် အာရှအမြင်ဖြစ်သည်။ 'ကြားနေရေး'၊ 'ဘက်မလိုက်ရေး' သည် အာရှ၏တန်ဖိုးဖြစ်သည်။

'ဒီမိုကရေစီ'ဆိုသော စကားလုံးထက် ပို၍ တန်ဖိုးကြီးသည်ဟု နားလည်ရသည်။

မိမိတို့နိုင်ငံသည်လည်း ထိုသဘောအတိုင်းပင်ဖြစ်သည်။

မည်သည့်အသံလွှင့်ဌာနကမဆို ထုတ်လွှင့်သော သတင်းထူး၊ သတင်းဆန်းများကို နားသောတ ဆင်ချင်သပ၊ ကြားယောင်ချင်သပဆိုလျှင် နားသောတဆင် ခံစားနိုင်သည်။ နားထောင်ပြီး လွတ်လပ်စွာ တွေးဆနိုင်သည်။ ထို့အတွက် မပိတ်ပင်၊ မတားဆီး။ လေလှိုင်းကြားက သတင်းထူး၊ သတင်းဆန်းများကို နားထောင်နိုင်လေလေ၊ အခြေအနေမှန်ကို ပိုသိနိုင်လေလေဖြစ်မည်။ BBC, VOA, RFA ကို နားသောတဆင်လို့ မြန်မာပြည်တွင် အရေးယူသည်ဆိုတာ ကြားဖူးပါသလား။ နားမထောင်ရဟု ဥပဒေထုတ်ပြန်ပါသလား။ ကျယ်ချင်သလောက်အကျယ်ကြီးဖွင့်၊ ဘာပြဿနာမှမရှိပါ၊ ထိုလေလှိုင်းကြားမှ သတင်းထုတ်လွှင့်နေကြသူများ၏ ဘဝနောက်ခံ၊ အတိတ်ပုံရိပ်များကိုပင် ပုဂ္ဂိုလ်ရေးအဖြစ် မထိုးနှက်၊ မတုံ့ပြန်၊ ထိုသို့သူတို့၏ နောက်ကြောင်းများကို မတုံ့ပြန်သည့်အတွက် 'မြန်မာပြည်တွင် သတင်းလွတ်လပ်ခွင့်မရှိ'ဟုများ သူတို့ကပြောနေကြတာလား။ အမှန်တော့ 'ကျင့်ဝတ်'ကို စောင့်ထိန်းခြင်းသာဖြစ်သည်။

မြန်မာပြည်အတွက် 'သီးသန့်' 'လီမိတက်' ထုတ်လွှင့်နေသော အနောက်အုပ်စု ရေဒီယိုသတင်းဌာနများ၏ သတင်းခေါင်းစဉ်များသည် တစ်ကမ္ဘာလုံးအတွက် ရည်ရွယ်ထုတ်လွှင့်နေသော ကမ္ဘာ့သတင်းနေရာများ၏ သတင်းခေါင်းစဉ်တွင် ရှိနေပါသလား။ ကမ္ဘာ့သတင်းများတွင် ခေါင်းစဉ်တင်လောက်သော သတင်းမဟုတ်သည့် ပါးစပ်သတင်း၊ အရပ်သတင်းများကို မြန်မာပြည်သူများအတွက် ဝါဒမှိုင်းတိုက်ရန် သက်သက်သာ ရေးကြီးခွင်ကျယ် ထုတ်လွှင့်နေခြင်းဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပါးစပ်သတင်း၊ အရပ်သတင်းသာသာလောက်ကို ကမ္ဘာ့သတင်းကဲ့သို့ ပုံဖော်ထုတ်လွှင့်၍မရပါ။ ထိုသတင်းများကို နေ့စဉ်ရက်ဆက်နားထောင် နေမိသူအဖို့ မြန်မာပြည်ကြီးတဖြည်းဖြည်းဆုတ်ယုတ်နေပြီလားဆိုသော အတွေးကိုသာ ဖြစ်ပေါ်လာစေနိုင်ပြီး လက်တွေ့ဘဝနှင့် အဟပ်ကွာသွားမည်သာဖြစ်လာသည်။ ဒါသည်ပင် လေလှိုင်းကြားက အသံဖြင့် ထိုင်ရာမထဘဲ သတင်းဖြင့် ကိုလိုနီလုပ်နေခြင်းဖြစ်သည်။

မြန်မာပြည်ကို တကယ်တိုးတက်စေချင်သလား။ ပြည်သူအများ သာယာဝပြောရေးအတွက် လုပ်ဆောင်ပေးချင်သလား။ အင်္ဂလိပ်စာတတ်များဖြစ်အောင် သင်ပေးလိုပါသလား။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွေကို အဆင့်မြှင့်ပေးချင်ပါသလား။ အနုပညာရေး၊ ဘာရေး၊ ညာရေးတွေမှာ တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းမှုဖြစ်စေချင်ပါသလား။ လွယ်ပါသည်။ မိမိတို့တိုင်းပြည်ကို ထိခိုက်နစ်နာအောင် လုပ်ထားသည့် သူတို့ပိတ်ပင်တားဆီးထားရာလမ်းကြောင်းများကိုသာ ရှောရှူစွာ ပြန်ဖွင့်ပေးလိုက်ပါ။

အသံလွှင့်ဌာနများ၊ သံရုံးဝန်ထမ်းများ၊ NGO များက တစ်ဦးချင်းတစ်ယောက်ချင်း ချောင်ကြိုချောင်ကြားမကျန် လျှောက်သွားပြီး စေတနာမေတ္တာရှိကြောင်းကို လိုက်လုပ်ပြပေးနေစရာမလိုပါ။ ပင်ပန်းလှပါသည်။ အားနာစရာ ကောင်းလှပါသည်။

မိမိတို့တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်သည် အခွင့်အလမ်းရလျှင် ရသည့်ဘက်၌ အားကောင်းမောင်းသန်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်စွမ်းရှိသည်။ မိမိတို့အိမ်နီးချင်း တိုင်းပြည်များတွင် ဆယ်စုနှစ်ကျော်အချိန်ယူလေ့လာခဲ့ရသည့် အိုင်တီနည်းပညာသည် မိမိတို့ဆီလမ်းပွင့်ရောက်လာသည်နှင့် တစ်ပြိုင်နက် ထိုအိမ်နီးချင်းနိုင်ငံများနှင့် အမီလိုက်နိုင်သည်က သက်သေပြနေပါသည်။ **အမှန်တကယ် မြန်မာပြည်သူများ သာယာဝပြောမှသာ 'ဒီမိုကရေစီဝါဒ'ကို ပုံဖော်နိုင်မည်ဆိုတာသိလျက်နှင့် တိုးတက်ဖွံ့ဖြိုးရေးလမ်းစများကို ပိတ်ဆို့ထားပြီး 'လူပုဂ္ဂိုလ် ထင်ပေါ်ရေးဝါဒ' သွတ်သွင်းအောင်မြင်မှသာ ဒီမိုကရေစီရမည်ဟု လမ်းလွဲကို ညွှန်ပေးနေသည်။ မိမိအသက်ရှင်နေသော ယခုလူ့သက်တမ်းနှစ်ပေါင်း ၄၀အထိတော့ မြန်မာပြည်ကြီးကို အနောက် အုပ်စု၏ ကူညီစောင်မမှုများ မည်သည့်နေရာကမျှ ရရှိသည်ဟု မတွေ့ခဲ့ပါ။**

တစ်ဖက်မှာ မြန်မာပြည်အတွက် ရပိုင်ခွင့်များကို အင်အားကြီးမားစွာ ပိတ်ပင်တားဆီးမှုများအပေါ် ပြည့်ပြည့်ဝဝ (Opaque) ဖြစ်အောင် ဖုံးကွယ်ပေးထားပြီး လူတစ်ယောက်စ၊ နှစ်ယောက်စက လုပ်ကိုင်ပြနေမှုများကို "ကူညီချင်လွန်းလို့ပါ"၊ "စေတနာရှိလွန်းလို့ပါ" ဆိုသည့်ပုံစံဖြင့် သတင်းခေါင်းစီးကြီးများအသွင် ထုတ်လွှင့်နေသည်မှာ ကြည့်တတ်သူအဖို့ မြင်နေပါသည်။

အမှန်တော့ 'ကဏန်းညှပ်တာလူမသိ'ဆိုသလိုဖြစ်နေသည်။ နိုင်ငံရေးလုပ်သော အစုအဖွဲ့တို့ကို မိမိတို့ဆီတွင် ပိတ်ပင်သည်၊ တားဆီးသည်ဟုဆိုသည်။ ဒါဆို ထိုနိုင်ငံရေးလုပ်သူ အစုအဖွဲ့တို့၏ သတင်းပလင်းများထွက်နေသော ပြောခွင့်ရ၊ ဗျူးခွင့်ရနေကြသော 'အပေါက်'များကို အရေးယူမှာပေါ့၊ ပိတ်ပင်တားဆီးမှာပေါ့။ သို့သော် ထိုသို့အရေးမယူ၊ မတားဆီးသည်ကို ထိုအသံလွှင့်ဌာနများ သိနေကြပါသည်။

'လွတ်လပ်စွာပြောဆိုခွင့်' ပေးထားသည်ကို သိလျက်နှင့် ကဏန်းလိုလည်း ညှပ်ထားသေး၊ သူကပင်နာလှချည်ရဲ့လို့ အော်လည်း အော်သေးဆိုသလိုဖြစ်နေသည်။

တကယ်တော့ အနောက်အုပ်စုက မွေးမြူထားသော အသံလွှင့်ဌာနများသည် မိမိတို့တိုင်းပြည်နှင့် လူထုကို အမြင်ဝေဝါးစေပြီး တစ်ဖက်မှ နိုင်ငံတော်အစိုးရ လုပ်ရပ်မှန်သမျှကို ဆန့်ကျင်ဘက် နိုင်ငံရေးလုပ်သော အစုအဖွဲ့တို့၏ 'ဝါဒဖြန့်ချိရေးဌာန'များသာဖြစ်နေသည်။

နိုင်ငံ့ဝန်ထမ်းများ၏ လုပ်အားလုပ်ခများနှင့် ပတ်သက်၍လည်း ဝင်ငွေနည်းစဉ်က နည်းသလို မှိုင်းတိုက်သလို၊ ဝင်ငွေတိုးပြန်တော့လည်း ပုံစံတစ်မျိုးဖြင့် ဝါဒမှိုင်းတိုက် ထိုးနှက်ပြန်သည်။

ဘယ်လိုမှ အကောင်းမမြင်နိုင်ပါလားကွယ်ရို့။

လိုရင်းကိုပြောပါတော့မည်။

အနောက်မီဒီယာများက နိုင်ငံရေးလုပ်သည့် အစုအဖွဲ့များကို ကိုယ်စားပြု ဝါဒဖြန့်ပေးနေသော သတင်းပလင်းများဖြစ်သည့် တွေ့ဆုံဆွေးနွေးရေးတို့၊ လွှတ်တော်ခေါ်ပေးတို့၊ နှစ်ဆန်းတစ်ရက် တောင်းဆိုချက်တို့ကို သတင်းကြေညာပေးနေသည့် အချိန်နည်းနည်းလေးအတွင်း ထုတ်လွှင့်ပေးနေသည့် ထို Time Space များနေရာတွင် မြန်မာပြည်သူများ အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် ပိတ်ဆို့ရေးလမ်းကြောင်းများကို ပြန်ဖွင့်ပေးဖို့သာ လေလှိုင်းကြားမှ အသံလွှင့်သူတို့အနေဖြင့် သင်တို့၏ အရှင်သခင်များကို အရင်သိအောင်ကြေညာထုတ်လွှင့်ပေးပါဦးလား။

တားဆီးပိတ်ဆို့မှုများ ပွင့်လင်းလာသည်နှင့်ထပ်တူ မြန်မာပြည်သူတို့၏ သာယာဝပြောမှုများ ပြည့်စုံလာပါလျှင် ကျန်သည့် ရေးရာကိစ္စများအတွက် ထပ်အော်ပေးနေစရာမလိုဘဲ လွယ်ကူချောမွေ့စွာ အဆင်ပြေလာမည်ကို တွေ့ရမည်သာဖြစ်သည်။ ။

အမှန်တကယ် မြန်မာပြည်သူများ သာယာဝပြောမှသာ 'ဒီမိုကရေစီဝါဒ' ကို ပုံဖော်နိုင်မည်ဆိုတာသိလျက်နှင့် တိုးတက်ဖွံ့ဖြိုးရေးလမ်းစများကို ပိတ်ဆို့ထားပြီး 'လူပုဂ္ဂိုလ် ထင်ပေါ်ရေးဝါဒ' သွတ်သွင်းအောင်မြင်မှသာ ဒီမိုကရေစီရမည်ဟု လမ်းလွဲကို ညွှန်ပေးနေသည်။ မိမိ အသက်ရှင်နေသော ယခုလူ့သက်တမ်း နှစ်ပေါင်း ၄၀ အထိတော့ မြန်မာပြည်ကြီးကို အနောက်အုပ်စု၏ ကူညီစောင်မမှုများ မည်သည့်နေရာကမျှ ရရှိသည်ဟု မတွေ့ခဲ့ပါ။

✪ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ–ဒုတိယဝန်ကြီး General , Y.N. Baluevsky နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ တပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အပြန်အလှန်ပေးအပ်

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ–ဒုတိယဝန်ကြီး General , Y.N. Baluevsky တို့သည် အမှတ်တရပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပထမ–ဒုတိယဝန်ကြီး General Y.N.Baluevsky တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဒဂုံအရှေ့စက်မှုမြို့ သစ်အခြေခံစက်ရုံဖွင့်ပွဲကျင်းပ တန်ဖိုးမြင့် သစ်အချောထည်များ ထုတ်လုပ်မည်

ရန်ကုန် ဧပြီ ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့ညနေပိုင်းတွင် ဒဂုံအရှေ့စက်မှုမြို့ ကောင်းမြတ် သစ်အခြေခံစက်ရုံ(၂) ဖွင့်ပွဲအခမ်းအနားကို တက်ရောက် အားပေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများက စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်နေမှုများကို ကြည့်ရှုသည်။

အဆိုပါစက်ရုံသည် ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ အင်၊ ကညင်သစ်များကို ခွဲစိတ်၍ တန်ဖိုးမြင့် သစ်အချောထည်များအနေဖြင့် အာရှနှင့် အနောက်နိုင်ငံများသို့ တင်ပို့မည်ဖြစ်ပြီး ရင်းနှီးငွေအမေရိကန်ဒေါ်လာ သုံးသိန်းနှင့် မြန်မာငွေကျပ်သိန်းပေါင်း ၆၀၀၀ ကျော် မတည်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒဂုံအရှေ့ စက်မှုမြို့ ကောင်းမြတ် သစ်အခြေခံစက်ရုံ(၂)စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ကုက္ကိုင်းရေကူးအသင်း နွေရာသီသင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

ကုက္ကိုင်းရေကူးအသင်း၏ နွေရာသီရေကူးသင်တန်း(၁/၂၀၀၆) သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈နာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးကန်တွင် ကျင်းပသည်။

အမှာစကား

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား ပြောကြားသည်။

လက်မှတ်ချီးမြှင့်

ယင်းနောက် သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက နံနက်ပိုင်းသင်တန်းကို လည်းကောင်း၊ တရုတ်ပြည် ခရီးသွားအဖွဲ့ခေါင်းဆောင် မစ္စလုံမေက နေ့လယ်ပိုင်းသင်တန်းကိုလည်းကောင်း၊ ကုက္ကိုင်းရေကူးအသင်းဘဏ္ဍာရေးမှူး ဒေါ်မြင့်စုက ညနေပိုင်းသင်တန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ရာ သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးစီက လက်ခံရယူသည်။

ဆက်လက်၍ ကုက္ကိုင်းရေကူးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်က ပျက်ရက်မရှိဘဲ သင်ကြားပြသပေးသည့် နည်းပြများကိုယ်စား နည်းပြချုပ် ဦးကျော်ရွှေအား ဂုဏ်ပြုဆုချီးမြှင့်သည်။

၎င်းနောက် ကုက္ကိုင်းရေကူးအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ဥက္ကဋ္ဌ၊မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်)က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် နွေရာသီ ရေကူးသင်တန်းသားများထဲမှ ၁၀ဦးအား အလှူငွေမဲ့ အသင်းဝင်ခွင့် ၁၀ဆုကို ဝန်ကြီးနှင့် ဧည့်သည်တော်များက ရွေးချယ်ကံစမ်းပေးကြသည်။

ကုက္ကိုင်း နွေရာသီ ရေကူးသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၈၉ဦး တက်ရောက်ခဲ့ကြသည်။ (ကြေးမုံ)

အောင်လက်မှတ်ချီးမြှင့်

မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး နံနက်ပိုင်းသင်တန်းချိန်မှ သင်တန်းဆင်း အောင်လက်မှတ်များအား သင်တန်းသူတစ်ဦးအား ချီးမြှင့်စဉ်။ (ကြေးမုံ)

ငါး၊ ပုစွန် မွေးမြူသူများ လိုင်စင်လဲလှယ်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ နှိုးဆော်

ရန်ကုန် ဧပြီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဖြစ်စေရေးအတွက် ငါးမွေးမြူရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနသည် အဆိုပါဥပဒေနှင့်အညီ ငါး၊ ပုစွန်မွေးမြူရေးလိုင်စင်၊ ငါး၊ ပုစွန်သားပေါက် ထုတ်လုပ်ခြင်းလိုင်စင်၊ အလှမွေးငါးမွေးမြူခြင်းလိုင်စင် စသည်များကို ထုတ်ပေးလျက်ရှိရာ ယခုအခါ လိုင်စင်ရရှိထားသူများသည် ၂၀၀၆–၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လုပ်ကိုင်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်အသစ် လဲလှယ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက နှိုးဆော်ထားသည်။

ထို့အပြင် ငါး၊ ပုစွန် မွေးမြူခြင်းဆိုင်ရာ လုပ်ငန်းများကို စတင်လုပ်ကိုင်လိုသူများသည်လည်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများ၌ လိုင်စင်လျှောက်ထားရယူပြီးမှသာ လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူခြင်းလိုင်စင်မရှိဘဲ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ကြေညာထားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲကို ဧပြီ ၇ ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးမြင့်ခိုင်က ဝတ်စုံများကို ဒုတိယဦးစီးမှူး ဦးထွဏ်းထွဏ်းနှင့် ဦးသန်းထွန်းတို့အား ပေးအပ်စဉ်။ (၅၀၆)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉–၄–၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၇း၁၅	Sunday Talk[ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ကိုကို(စက်မှုတက္ကသိုလ်)]
၈း၁၀	ခါသကြန်အဆိုအက
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	နေသားတကျအရေပြားအလှ (အသားအရေထိန်းသိမ်းခြင်း)
၈း၄၀	ခါသကြန်အဆိုအက
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅	ခါသကြန်အဆိုအက
၉း၀၀	Myanmar Video Rhythm
၉း၄၅	ခါသကြန်အဆိုအက
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	မြန်မာပြည်နေ့ရက်များ ဓာတ်ပုံပြပွဲ
၁၀း၁၀	ခါသကြန်အဆိုအက
၁၀း၁၅	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၁၀း၂၅	နိုင်ငံတကာ အနုပညာရေးရာ(၁)
၁၀း၄၅	ခါသကြန်အဆိုအက
၁၀း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၅	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၁၁း၁၀	ခါသကြန်အဆိုအက
၁၁း၁၅	ရော်ဘာကြိတ်လုံးထုတ်လုပ်ပုံ အဆင့်ဆင့်
၁၁း၂၅	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(ကွဲကောသီး)
၁၁း၃၅	ခါသကြန်အဆိုအက
၁၁း၄၀	ကျောက်မီးသွေးအကြောင်း သိကောင်းစရာ
၁၁း၅၀	လတန်ရှူးပေမို့
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၅း၀၀	EPL ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Sports
၅း၂၅	Aston Villa-West Brom
လိုင်း	5-Cartoons (Live)
၅း၂၅	Chelsea-West Ham
လိုင်း	5-Sports(Live)
၇း၃၀	Liverpool-Bolton
လိုင်း	5-Sports(Live)
၉း၃၀	Man U-Arsenal
လိုင်း	5-Sports(Live)
၁၁း၃၀	Final Score
လိုင်း	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၇း၃၀	AC Milan-Chievo
လိုင်း	5-Cartoons(Live)
၁း၀၀	Juventus-Sirentina
လိုင်း	5-Sports(Live)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ – နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

✲ ကျောဖုံးမှ

ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ဧပြီ ၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မော်စကိုမြို့ရှိ Vnukovo-2 လေဆိပ်သို့ ရောက်ရှိကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y. Alekseev တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

နှုတ်ဆက်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ပို့ဆောင်နှုတ်ဆက်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများအား နှုတ်ဆက်သည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ – နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y. Alekseev တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့သည် အထူးလေယာဉ်သို့ထွက်ခွာကြရာ လေယာဉ်လှေကားထိပ်မှ ရုရှား အမျိုးသမီးတစ်ဦးက ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း အား ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း တို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ – နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y.Alekseev က လေယာဉ်လှေကားအထိ လိုက်ပါပို့ဆောင် နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသော အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ Pulkovo-I Airport Zone A သို့ ရောက်ရှိသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ခေါင်းဆောင် သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်း နိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများက စိန့်ပီတာစဘတ်မြို့ Pulkovo-I Airport Zone A မှ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ခေတ္တတည်းခိုမည့် Hotel Astoria သို့ ရောက်ရှိရပ်နားကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. A.Y.Alekseev တို့ မော်စကိုမြို့ Vnukovo-2 လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြစဉ်။

(သတင်းစဉ်)

✲ ဒုတိယဗိုလ်ချုပ်မှူးကြီးမှ

စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lobko နှင့်အတူ စိန့်ပီတာစဘတ်မြို့ နိုင်ငံခြားဆက်သွယ်ရေးကော်မတီ ပထမ–ဒုတိယဥက္ကဋ္ဌ Mr. Petruk၊ နိုင်ငံခြားဆက်ဆံရေးကော်မတီ သံတမန်အကြီးအကဲ Mr. Arseshevsky နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ရုရှားဖက်ဒရေးနိုင်ငံ သံအမတ်ကြီး Mr. Oleg V. Kabanov တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေး

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့ တို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ် ချုပ်ရေးမှူးက အမှတ်တရပစ္စည်းကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ရောက်ရှိ

ထို့အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီးဒေါ်မြမြစန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊

အခွန်လွတ်ဈေးများ ထပ်မံတိုးချဲ့ဖွင့်လှစ်ရေး မြေနေရာများ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းအတွင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ ထပ်မံတိုးချဲ့ဖွင့်လှစ်ရောင်းချရန် လျာထားသတ်မှတ်ထားသည့် မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားလမ်းမကြီးနှင့် ညောင်တုန်းလမ်းမကြီးလမ်းဆုံအနီးသို့ ရောက်ရှိလာပြီး အဆိုပါလမ်းဆုံအနီး၌ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး ဖွင့်လှစ်ရန်လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးဖွင့်လှစ်ရန် လျာထားသည့် မြေနေရာများဖြစ်သော လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် ထီးလှိုင်ရှင်အိမ်ရာအနီးရှိ မြေနေရာကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာ မြို့ပတ်လမ်းဘေးမြေနေရာကိုလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၈)ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ရာဇာဓိရာဇ်လမ်းထောင့်အနီးရှိ မြေနေရာကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၆၂)ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ပြည်ထောင်စုလမ်းသွယ်ထောင့်ရှိ မြေနေရာကိုလည်းကောင်း၊ ရန်ကုန်တောင်းပိုင်းခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ဘောဂလမ်းနှင့် ဘောဂလမ်းသွယ်ထောင့်ရှိ မြေနေရာကိုလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ပြည်ထောင်စုလမ်းသွယ်ထောင့်ရှိ အခွန်လွတ်ဈေး တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့်စေတီတော် တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် စစ်ဆေး

နေပြည်တော်မြို့တော် ဧပြီ ၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၄ ရက် နံနက်ပိုင်းက လားရှိုးတပ်နယ် တပ်တွင်းအခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် လားရှိုးတပ်နယ် နယ်မြေခံ တပ်ရင်း၏ ခြံစည်းရိုးကြက်ဆူစံပြ ကေ ၁၀ စိုက်ခင်း ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုး ကြက်ဆူပင်(သုတေသန) ပျိုးဥယျာဉ်သို့ လည်းကောင်း၊ နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင် စံပြ ငါး ဧကစိုက်ခင်း ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်း တာဝန်ခံများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် လာရှိုးမြို့အဝင် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် မြတ်ကြီးအနီး သုခမင်္ဂလာ ဆင်းရွှေလီ သာသနာ့ဗိမာန်တော် အဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် စေတီတော် အထက်ပစ္စယာရှိ ဂန္ဓကုဋိတိုက်တော် တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ အား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ရန်တိုင်း အောင် ဆုတောင်းပြည့် မြို့ဦးစေတီ တော် ရင်ပြင်တော်တွင် သန့်ရှင်းရေး ကုသိုလ်ပြု ဆောင်ရွက်နေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လှည့် လည်ကြည့်ရှု အားပေးပြီးနောက် လိုဏ်ဂူတော်အတွင်း ကိန်းဝပ်စံပယ် တော်မူလျက်ရှိသည့် ပတ္တမြားမျက်ရှင် ကြေးသွန်းရုပ်ပွားတော်နှင့် ဗုဒ္ဓရုပ်ပွား တော်များကို ဖူးမြော်ကြည်ညိုသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lobko က အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

✻ **ဒုတိယဗိုလ်ချုပ်မှူးကြီးမှ**

စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lobko နှင့်အတူ စိန့်ပီတာစဘတ်မြို့ နိုင်ငံခြားဆက်သွယ်ရေးကော်မတီ ပထမ-ဒုတိယဥက္ကဋ္ဌ Mr. Petruk၊ နိုင်ငံခြားဆက်ဆံရေးကော်မတီ သံတမန်အကြီးအကဲ Mr. Arseshevsky နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ရုရှားဖက်ဒရေးနိုင်ငံ သံအမတ်ကြီး Mr. Oleg V. Kabanov တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေး

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်မြို့ တို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ် ချုပ်ရေးမှူးက အမှတ်တရပစ္စည်းကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ရောက်ရှိ

ထို့အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူး ကြီး မောင်အေး၏ ဇနီးဒေါ်မြမြစန်း သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဇနီး ဒေါ်မြင့်မြင့်စိုး၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုး၏ ဇနီး ဒေါ်မြင့်မြင့်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြသည်။

ကြိုဆို

ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံးမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး အရာရှိ Ms. Svetlaua Matveea နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ရုရှားဇာဘုရင်၏ နန်းဆက် ကက်သလင်းဘုရင်မ တည်ထောင်ခဲ့သည့် အမျိုးသမီး ဘော်ဒါကျောင်းနှင့် အောက်တိုဘာ တော်လှန်ရေးကာလတွင် လီနင်နှင့် ဇနီးတို့ နေထိုင်သည့် အိမ်ခန်းပြတိုက် တို့ကို ကြည့်ရှုလေ့လာကြရာ တာဝန် ရှိသူများက လိုက်လံရှင်းလင်းပြသ ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း အောက်တိုဘာတော်လှန်ရေးကာလတွင် လီနင်နှင့်ဇနီးတို့ နေထိုင်သည့် အိမ်ခန်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က)မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီးမြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ)ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ)အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ)တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၀၅ ၇။ ကပ်တဲလ်ကြိုးတံတား
- ၈း၁၀ ၈။ အရေးပြိုင်ပွဲ
- ၈း၁၅ ၉။ ခါသင်္ကြန်အဆိုအကများ
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ Say it in English.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
- ၁၁း၅၅ ၅။ သံလွင်မြစ်နဒီလက်ခုပ်သံဝေစီ
- ၁၂း၁၀ ၆။ **မြန်မာဗွီဒီယိုဇာတ်လမ်း "မတော်တဆ" (နိုင်းနိုင်း၊ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-မောင်မောင်ဦး-စနိုးပွိုက်)**
- ၂း၀၅ ၇။ အဆိုပြိုင်ပွဲ
- ၂း၁၀ ၈။ ခါသင်္ကြန်အဆိုအကများ
- ၂း၂၀ ၉။ အတီးပြိုင်ပွဲ
- ၂း၃၀ ၁၀။ **"ဟွန်းသံ" (ဧရာနှင့်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)**
- ၂း၃၅ ၁၁။ ကွန်ချောင်းရေလှောင်တမံ
- ၂း၄၅ ၁၂။ International News.
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄း၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၅၅ ၅။ တေးဂီတအစီအစဉ်
- ၅း၁၀ ၆။ ခါသင်္ကြန်အဆိုအကများ
- ၅း၂၀ ၇။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ Discovery
- ၆း၅၀ ၁၁။ ခါသင်္ကြန်အဆိုအကများ
- ၇း၀၅ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၆)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **မြန်မာရုပ်ရှင် "ယောက္ခမဆိုတာ တစ်ခါတုန်းကသမက်ပါပဲ" (အပိုင်း-၂) (ကျော်သူ၊ရန်အောင်၊လွင်မိုး၊ မို့မို့မြင့်အောင်၊မေသဥ္စာဦး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-မောင်မျိုးမင်း)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ဧပြီလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဧပြီ ၈

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

မိုးအခြေအနေများမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် သုံးရက်မှ လေးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နှစ်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

မြစ်ရေအခြေအနေမှာ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ တို့တွင် ၄၅ စင်တီမီတာ (တစ်ပေခွဲခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၀ စင်တီမီတာ တစ်ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၃၀စင်တီမီတာ (တစ်ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ခြံစည်းရိုးကြက်ဆူပင်နှင့် ရော်ဘာပင်များကို လျာထားချက်နှင့်အညီ စိုက်ပျိုး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို မိသားစုဝင်ငွေတိုးရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၅ရက် နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မလိခ ညှော့ရိပ်သာမှ ထွက်ခွာလာပြီး နံနက် ၈နာရီခွဲတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ သတ်မှတ်ချက်နှင့်အညီ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေး၊ ရော်ဘာပင်ကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေး၊ အင်ဂျန်းယန်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ဒေသခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ကြရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာအဖြစ် ဆောင်ရွက်ကြရေးတို့နှင့်ပတ်သက်၍ မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဒူဝါဇော်ရစ်လမ်း ပျိုးဥယျာဉ်၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်က မြစ်ကြီးနားမြို့နယ် အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စေတနာထားဆောင်ရွက်ကြရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်များနှင့် နှစ်ရှည်သီးနှံဖြစ်သော ရော်ဘာပင်ကိုလည်း သတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုးကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင်မှအစ မိသားစုဝင်ငွေတိုးရေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် မိမိကျရာတာဝန်ကို စေတနာထားဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုး ကြက်ဆူပင် မျိုးကိုင်းနှင့် မျိုးစေ့အိတ်များဝေငှ ပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေး၍ ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရပ်ကွက်(၅) ရှဒေါင်ကျေးရွာရှိ စည်ပင်သာယာရေးဦးစီးဌာန ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ ရောက်ရှိရာ ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ချိုက မျိုးစေ့ဖြန့်ဝေမှု အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီးနောက် ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းနှင့် မျိုးစေ့အိတ်များကို ကိုယ်စားလှယ် အသီးသီးအား ပေးအပ်ကာ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား တပ်နယ် ကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများက မြစ်ကြီးနားတပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့ စိုက်ပျိုးရန် သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးပြီးစီးမှု အခြေအနေကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များသို့ စိုက်ပျိုးရန် ကြက်ဆူမျိုးစေ့များဝေငှပေးအပ်ပြီး အဖွဲ့ဝင်များနှင့်အတူ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကြကာ ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပျားလိမ္မော်စိုက်ပျိုးရေးခြံအတွင်း ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးခင်းသို့ သွားရောက်၍ ကိုင်းပျိုးပင်ပေါင်း ၆၀၀၀၊ မျိုးစေ့ပျိုးပင်ပေါင်း ၉၄၀၀၀ စုစုပေါင်း ပျိုးပင်တစ်သိန်း ပျိုးထောင်ထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရော်ဘာစိုက်ပျိုးခြံသို့ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ပျိုးခြံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၀၅–၂၀၀၆ ခုနှစ် ဧကသုံးထောင် ရော်ဘာစိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ရော်ဘာပင်များကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အမှတ်(၃) ခရိုင်ချင်းဆက်လမ်းအတိုင်း မြစ်ကြီးနား အကျဲလမ်းအတိုင်း ထွက်ခွာလာရာ မြစ်ကြီးနားခရိုင် မိုးကောင်းချောင်းကူး မြစ်ဆိပ်သို့ မွန်းလွဲ ၁ နာရီ ၄၅မိနစ်တွင် ရောက်ရှိသည်။ ရှင်းလင်းဆောင်၌ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်ချိုက မြစ်ကြီးနား–ဆင်ဘို–မြို့လှ အမှတ်(၃) ခရိုင်ချင်းဆက်လမ်းနှင့် ဆင်ဘို–ဟိုပင် လမ်းကြောင်း အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် မိုးကောင်းချောင်းကို စက်လှေများဖြင့်ဖြတ်ကူး၍ ဆင်ဘိုမြို့နယ်သို့ သွားရောက်ကာ ဆင်ဘိုမြို့နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံရာ ရှေးဦးစွာ ဆင်ဘိုမြို့နယ်ဥက္ကဋ္ဌ ဦးစိုးစိုးသက်က ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ တောတောင်သဘာဝ စိမ်းလန်းစိုပြည်မှုများ ထိန်းသိမ်းရေး၊ ခြံစည်းရိုးကြက်ဆူနှင့် ရော်ဘာပင်များ စိုက်ပျိုးရေး၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ရှိ ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့နယ် ဈေးသို့ ဝင်ရောက်ကြည့်ရှုကာ တာဝန်ရှိသူများအား မြို့အင်္ဂါရပ်နှင့်အညီ ဈေးဆိုင်ခန်းများ နေရာချထားပေးရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့နယ် အမတ်ကြီးကုန်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူ မြို့နယ် မြို့လှကျေးရွာသို့ ရောက်ရှိပြီးရှင်းလင်းဆောင်၌ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသက်ဝေက ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ကျေးရွာမှ တာဝန်ရှိသူများက မိမိတို့၏လုပ်ငန်း လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်က လမ်းများဖောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ ခြံစည်းရိုးကြက်ဆူပင်ကိုလျာထားချက်နှင့် အညီ စိုက်ပျိုးကြရန်နှင့် ခြံစည်းရိုးကြက်ဆူကို လောင်စာအစားထိုး ဇီဝဒီဇယ်ဆီအဖြစ် အသုံးပြုနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့လှရွာ ကောက်ကွေ့ချောင်းကိုဖြတ်၍ ဆောက်လုပ်နေသောတံတားကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ည ၁၀နာရီတွင် ရွှေကူမြို့နယ် ဆင်တပ်ရွာဆင်တပ်မြစ်ဆိပ်သို့ရောက်ရှိပြီး မြစ်ဆိပ်မှ ရေယာဉ်ဖြင့် ထွက်ခွာလာရာ တစ်ဖက်ကမ်း ရွှေကူမြို့နယ် ရေပြန်လေးမြစ်ဆိပ်သို့ ရောက်ရှိပြီး ၎င်းမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ရွှေကူမြို့နယ်မြေခံ တပ်ရင်းသို့ ရောက်ရှိ ညအိပ်ရပ်နားကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဧပြီ ၆ရက် နံနက်ပိုင်းတွင် ရွှေကူမြို့နယ်မြေခံတပ်ရင်း ညှော့ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ ဒေသတွင်း ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးနှင့် လုပ်ငန်းလိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်း–မန္တလေးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ရွှေလီတံတား (ငါးအိုး)သို့ ရောက်ရှိပြီး ရွှေလီတံတားပေါ်မှ မြစ်ကြောင်းစီးဆင်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား တံတားရေတိုက်စားမှု မရှိစေရေးအတွက် လိုအပ်သည်များဆောင်ရွက်ရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဆင်ဘိုမြို့ အခြေခံပညာ အထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)နှင့် ကျန်းမာရေးဦးစီးဌာနတို့က ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ပညာပေးဟောပြောပွဲကို ဧပြီ ၁၁ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မိုင်းယောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဒေသဝမ်းစာဖူလုံရေးအတွက် ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့် လက်တွဲညီညီကြိုးပမ်း တာဝန်ကျရာဒေသကို မိမိဇာတိသဖွယ်ခံယူကာ ဒေသဖွံ့ဖြိုးရေး စေတနာထားဆောင်ရွက်

နေပြည်တော်မြို့တော် ဧပြီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ မိုင်းဖြတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်နှင့် တပ်မတော်အရာရှိကြီးများနှင့်အတူ ဧပြီ ၆ရက် နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့ နယ်မြေခံတပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိစစ်သည်များ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော် အရာရှိကြီးများလိုက်ပါလျက် နယ်စပ်မြို့များ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် ရဟတ်ယာဉ်ဖြင့် မိုင်းယုမြို့သို့ ထွက်ခွာလာရာ လမ်းတစ်လျှောက်၌ မိုင်းဖြတ်–မိုင်းယောင်း–မိုင်းယု လမ်းပိုင်းအခြေအနေများကိုလည်းကောင်း၊ လမ်းဘေးဝဲယာရှိ နွေစပါးစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ခင်းများကို လည်းကောင်း ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး မိုင်းယုမြို့သို့ နံနက် ၉နာရီခွဲတွင် ရောက်ရှိကြပြီး မြို့နယ်စုပေါင်းရုံးခန်းမဆောင်၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ မိုင်းယုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းနိုင်အောင်က မိုင်းယုမြို့၏ နွေစပါး၊မိုးစပါး၊ရော်ဘာပင်များနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဒေသဝမ်းစာဖူလုံရေးအတွက် ဌာနဆိုင်ရာ များက ဒေသခံပြည်သူများနှင့် လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မှုကို စနစ်တကျ ရေးဆွဲပြုစုတင်ပြရေး၊ တာဝန်ကျရာ ဒေသကို မိမိဇာတိသဖွယ်ခံယူကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်များကို စေတနာထားပြီး အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ကြရေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

မိုင်းယုဒေသ၌ စိုက်ပျိုးမြေအဖြစ် စိုက်ပျိုးမြေ ၁၇၁၁၂ဧက၊ မြေရိုင်းဧက ၃၃၇၂၁၀၊ တောရိုင်း ၂၅၉၂၂၇ဧက၊ သစ်တော/ကြိုးဝိုင်းဧက ၄၄၁၆၀နှင့် အခြားမြေ ၂၁၄၈၄၂ဧက စုစုပေါင်း ၈၇၂၅၅၁ဧက ရှိသည်။

၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း မိုးစပါး ၁၅၆၁၉ဧကစိုက်ပျိုးခဲ့ပြီး တစ်ဧကပျမ်းမျှ ၆၆ဒသမ၈၆ တင်းနှုန်း ထွက်ရှိပြီး နွေစပါးဧက ၄၀၀စိုက်ပျိုးရန် လျာထားခဲ့ရာ ၄၀၂ဧက စိုက်ပျိုးနိုင်၍ ခြံစည်းရိုးကြက်ဆူပင် ၇၃၆၆ဧက စိုက်ပျိုးရန် လျာထားသတ်မှတ် ဆောင်ရွက်ခဲ့ရာ အပင်ပေါင်း ၁၉၃၂၅၃ ပင် စိုက်ပျိုးထားပြီးအပင် ၂၂၀၃၀၀ ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့သည် မိုင်းယုမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာမင်းသိန်းက လူနာဆောင်များနှင့် ဆေးသိုလှောင်ခန်းတို့ကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းယုမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) နမ့်ပန်းဒေသ တိုင်းရင်းသားများ စိုက်ပျိုးထားသည့် ရော်ဘာပင်များ၊ နွေစပါးစိုက်ခင်းများ၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသား တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မိုင်းယု မြို့မှ မိုင်းယောင်းသို့ ဆက်လက်ထွက်ခွာခဲ့ရာ မိုင်းယောင်းမြို့၌ နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက် အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းယောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ဌာနဆိုင်ရာများအား တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်က မိုင်းယောင်းမြို့နယ်၏ တည်နေရာ အကျယ်အဝန်း၊ ရာသီဥတု၊ နွေစပါး၊ မိုးစပါးနှင့် အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးမှုအခြေအနေနှင့် ဒေသဝမ်းစာဖူလုံရေးဆောင်ရွက်နေမှု၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ရေး၊ စက်မှုကုန်ကြမ်း သီးနှံရော်ဘာ တိုးချဲ့စိုက်ပျိုးရေး မှာကြားသည်။

မိုင်းယောင်းမြို့နယ်၌၂၀၀၅–၂၀၀၆ ခုနှစ် မိုးစပါး ၃၁၈၉၅ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကပျမ်းမျှ ၇၁ ဒသမ၂၃ တင်းနှုန်း ထွက်ရှိခဲ့ပြီး နွေစပါးအနေဖြင့် ၉၆၄၂၇၁ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးပြီးဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ အစိုးရနည်းပညာကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာဇော်နိုင်က ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသော သင်တန်းများနှင့် သင်တန်းသားအရေအတွက်၊ ဝန်ထမ်းအင်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ) သို့သွားရောက်၍ ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိမိစုသွင်၏ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မူလသစ္စာဒီပက တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၈

ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ (၆၃)ကြိမ်မြောက်မဟာကြီးနှံခုနစ်ရက် တရားစခန်းကို ဧပြီ၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဖွဲ့ချုပ်၏ အာဒိကမ္မိကကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယဆရာကြီး ဦးကြည်၏ ဥပနိဿယမှုအတိုင်း ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားကို ဓမ္မကထိက ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရ၊ ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေနှင့် ဦးခင်မောင်လွင်တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများ ဧပြီ၁၀ရက်ညနေ ၅နာရီအရောက် လာကြရမည်ဖြစ်ပြီး ဦးမြသောင်း ဖုန်း–၂၉၂၀၅၀၊ ဓမ္မကထိက ဦးခင်မောင်ရီ ဖုန်း–၅၇၇၄၉၄၊ ဘဏ္ဍာရေးမှူးဦးစိုးလွင် ဖုန်း–၅၇၂၄၈၆၊ ဦးတင်ဝင်း ဓမ္မာရုံ ရုံးအဖွဲ့ဝင် ဖုန်း–၃၈၂၁၁၁၊ ၂၄၈၂၂၄တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

နယ်စပ်/စည်ပင် သင်တန်းများ ဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ယမန်နေ့ညနေ ၃နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၆)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၀)၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၀)နှင့် (၄၁)သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူများတက်ရောက် ကြသည်။ အဆိုပါသင်တန်းငါးခုသို့ စုစုပေါင်းသင်တန်းသူ၁၅၅ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ (၁၀)ပတ်ဖြစ်သည်။

(သတင်းစဉ်)

အလက(၂) ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

ဒဂုံမြို့နယ် အလက(၂)၌ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁ ရက် (အလုပ်သမားနေ့) နံနက် ၉နာရီတွင် အလက(၂) ဒဂုံ သူရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဆရာမကြီး ဒေါ်စန်းတင့် ဖုန်း–၃၇၉၁၇၈၊ သီတဂူကိုနိုင်ဦး ဖုန်း–၅၉၁၉၉၉၊ ၅၉၀၅၉၀၊ ဆရာမ ဒေါ်စန်းစန်းဝေ ဖုန်း–၅၅၈၁၆၈၊ ကိုသန်းဝင်း ဖုန်း–၃၈၂၂၃၅၊ ၂၄၂၃၁၀ နှင့် ကိုငြိမ်းချမ်းဦး ဖုန်း–၀၉–၈၀–၂၄၀၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉–၄–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ကျန်းမာရွှင်လန်းရောဂါအစွမ်း
၇:၁၅	၄။ မျိုးချစ်တပ်မတော်
၇:၂၀	၅ ။မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅	၈။ ခါသကြိန်အဆိုအကများ
၇:၅၅	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။ ဆရာတော်ဦးဃောသိတ တရားတော် –သစ္စာဉာဏ်၊ ကစ္စဉာဏ်၊ ကတဉာဏ်
၉:၀၀	၁၂။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၁၅	၄။မေးမြန်းစူးစမ်း
၁၂:၃၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀	၆။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – ဖခင် (အပိုင်း–၂)**
၀၁:၅၀	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၀၁:၅၉	၈။ အပိတ်နှုတ်ဆက်စကား
၀၂:၀၀	၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ကျန်းမာရွှင်လန်းရောဂါအစွမ်း
၄:၁၅	၄။ ခါသကြိန်အဆိုအကများ
၄:၂၀	၅။ မျိုးချစ်တပ်မတော်
၄:၃၅	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။ နိုင်ငံတကာသတင်း
၆:၂၀	၁၀။ မိုးလေဝသသတင်း
၆:၂၅	၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၂။ ဆပ်ကပ်
၆:၄၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – မေတ္တာသည်သာ (အပိုင်း–၄)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ ကျန်းမာသုတ
	၁၈။ ပဟေဠိနန်းတော်
	၁၉။ **ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်**
	၂၀။ **English Premier League Manchester United Vs Arsenal**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

အင်တာနက် အားကစားသတင်း

မန်ယူထက် ကြက်ငှက်တုပ်ကွေးကို ပိုမိုအလေးထား ချယ်လ်ဆီးမန်နေဂျာမော်ရင်ဟို ဝေဖန်ပြောကြား

လန်ဒန် ဧပြီ ၈

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ အမှတ်ပေးဇယားတွင် မိမိတို့၏အသင်းနောက်သို့ အမီလိုက်ကာ ချန်ပီယံဆုဖလားကိုရယူရန် ကြိုးပမ်းနေသော မန်ချက်စတာယူနိုက်တက်အသင်း၏ ခြိမ်းခြောက်မှုထက် ကြက်ငှက်တုပ်ကွေးရောဂါ၏ခြိမ်းခြောက်မှု ဘေးအန္တရာယ်ကို မိမိပိုမိုအလေးထားကြောင်း ချယ်လ်ဆီးအသင်း မန်နေဂျာ ဟိုဆေးမော်ရင်ဟိုက သောကြာနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်း မန်နေဂျာ ဟိုဆေးမော်ရင်ဟို။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ အမှတ်ပေးဇယားတွင် မန်ချက်စတာယူနိုက်တက်အသင်းထက် ၁၇ မှတ်အသာရရှိကာ ထိပ်ဆုံးမှ ဦးဆောင်ခဲ့သည်။ သို့ရာတွင် မန်ချက်စတာ ယူနိုက်တက်အသင်းသည် ရှစ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့ပြီးနောက် ယင်းအသင်းနှစ်သင်း၏ အမှတ်ကွာခြားချက်ကို ခုနစ်မှတ်အထိ လျှော့ချနိုင်ခဲ့သည်။

သို့ရာတွင် မန်နေဂျာ မော်ရင်ဟိုက မန်ချက်စတာ ယူနိုက်တက်အသင်း၏ ခြိမ်းခြောက်မှုကို ဖိအားပေးမှုအဖြစ် လက်ခံလိုခြင်းမရှိပုံကို လေးနက်စေရန် ကြက်ငှက်တုပ်ကွေးရောဂါနှင့် နှိုင်းယှဉ်ပြောကြားခြင်းဖြစ်သည်။

စကော့တလန်တွင် မိမိရင်ဆိုင်နေရသည့် ပြဿနာမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ကြောင်း၊ ဘောလုံးပွဲအတွက် စိတ်ဖိစီးရမှုထက် ကြက်ငှက်တုပ်ကွေးရောဂါအတွက် သောကမအေးဖြစ်ရမှုမှာ ပိုမိုကြောင်း၊ ယင်းမှာ ရယ်စရာပြောကြားခြင်းမဟုတ်ကြောင်း မော်ရင်ဟိုကပြောကြားသည်။

ချယ်လ်ဆီးအသင်းသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံးရလဒ်များကို ထုတ်ဖော်ပြသနိုင်ခြင်းမရှိပေ။ ၎င်းအပြင် မြို့ခံပြိုင်ဘက် ဖူဟမ်အသင်းနှင့် တန်းဆင်းဇုန်သို့ ရောက်ရှိရန် အလားအလာများ ပြသနေသော ဘာမင်ဂမ် အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရလဒ်ကောင်းများ မရရှိခဲ့ပေ။

ချယ်လ်ဆီးအသင်းသည် ယခုအခါ ၇၉ မှတ်ရရှိပြီး မန်ချက်စတာ ယူနိုက်တက်အသင်းမှာ ၇၂ မှတ် ရရှိထားသည်။

အင်တာနက်။

အနန္တောအနန္တ ငါးပါးဂုဏ်ကျေးဇူးတော်ကို အာရုံပြု၍ အမရပူရ ဗားကရာတိုက် ဓမ္မရတနာကျောင်းမှ ဦးခေမာနန္ဒ(ဒီဃဘာဏက)ပိဋကတ်တစ်ပုံဆောင်နှင့် ဆွေမျိုးမိတ်သင်္ဂဟတို့က ဒဂုံမြို့နယ်၊ အမှတ် ၁၂၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ရှေ့မှောက်၌ တိ-နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးတင့်ဆွေထံ ပေးအပ် လှူဒါန်းစဉ်။ (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဒိုင်သင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဒိုင်လူကြီးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဆင်းပွဲကို ယမန်နေ့ နံနက် ၉နာရီက အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တက်ရောက်ပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်အခြား ဝန်ကြီးဌာနများမှ သင်တန်းသားများ၏ သင်တန်းဆင်းလက်မှတ်များကို သက်ဆိုင်ရာဌာနများ၏ သင်တန်းသား ကိုယ်စားလှယ်များထံ ပေးအပ်သည်။ (ကြေးမုံ)

ထူးထူးခြားခြား အင်တာနက်ပုံများ

ကိုမိုဒိုနဂါး

အင်ဒိုနီးရှားနိုင်ငံ ကိုမိုဒိုကျွန်းဒေသ၌ ပေါက်ဖွားကျက်စားလေ့ရှိသော အလျား ရှစ်ပေကျော် ရှိပြီ ကိုယ်အလေးချိန် ပေါင် ၁၃၀ရှိသည့် ကိုမိုဒိုနဂါးဟု တင်စားခေါ်ဝေါ်သည့် ရောမတွားသွားသတ္တဝါကြီးတစ်ကောင်ကို ချီကာဂိုမြို့၌ ပြုလုပ်သည့် တွားသွားသတ္တဝါမျိုးပြပွဲ၌ ပြသထားသည်ကို ဧပြီ ၈ရက်က တွေ့ရစဉ်။ (အပေါ်ပုံ)

ထိုသတ္တဝါသည် ဆိတ်တစ်ကောင် (သို့မဟုတ်) နွားငယ်တစ်ကောင်ကို အလွယ်တကူ သတ်ဖြတ်စားသောက်နိုင်စွမ်းရှိသည်။ ထိုသတ္တဝါများသည် ကျွန်းပေါ်ရှိ တိုင်းရင်းသားများ မွေးမြူထားသော တိရစ္ဆာန်များကို မကြာခဏ ဖမ်းယူ စားသောက်လေ့ရှိသည်။ *(ဓာတ်ပုံ-အင်တာနက်)*



ရေမြင်းပုသားအမိ

ရေမြင်းပုမျိုးသည် ဖမ်းဆီးမွေးမြူထားသော အနေအထားတွင် ပေါက်ပွားရန်ခဲယဉ်းလှသည်။ ထိုပြင်လူကို အန္တရာယ်မပေးတတ်ဘဲ အေးချမ်းစွာနေတတ်သောသတ္တဝါမျိုးဖြစ်သည်။ ပုံတွင် အမေရိကန်နိုင်ငံ နီဘရာစကာပြည်နယ် ဟင်နရီဒိုလီ တိရစ္ဆာန်ဥယျာဉ်တွင် မွေးဖွားခဲ့သော သုံးလသားအရွယ် ရေမြင်းပု အထီးကလေးကို မိခင်ရေမြင်းမကြီးနှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ- အင်တာနက်)*

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့၊ ဈေးရပ်၊ မဟော်ဂနီလမ်းနေ ကိုဝင်းရှိန်၊ နန်းဆိုင်ထွေးတို့၏ မင်္ဂလာဦးအထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မုဒုံမြို့ ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအတွက် ဧပြီ ၄ရက်က မုဒုံမြို့ လမ်းမကြီးရပ် မြို့ဝင်လမ်းနေ (ဦးရွှေဆိုင်း-ဒေါ်စောတင်)တို့၏ အားရည်စူး၍ အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးဖိုးရီ လက်ခံယူစဉ်။ (မြို့နယ်ပြန်/ဆက်)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်-

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။

(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။
(ဃ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ နေ့လယ်ပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ် ထည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန် ဓာတ်ဆီထည့်ခြင်းမှ သတိပြုရှောင်ကြဉ်ကြပါရန် မီးသတ်ဦးစီးဌာနမှ နှိုးဆော်အပ်ပါသည်။

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ထူးထူးခြားခြား အင်တာနက် သတင်းများ

အန်စာတုံးပုံသဏ္ဌာန်ဖရဲသီးများ

ဂျပန် စိုက်ပျိုးရေးနည်းပညာရှင်များ၏ နည်းစနစ်သစ်ဖြင့် စိုက်ပျိုး ထုတ်လုပ်ထားသော အန်စာတုံးပုံသဏ္ဌာန် ဖရဲသီးများကို ဈေးကွက်တင်ပို့ရန် ပြင်ဆင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အန်စာတုံးပုံသဏ္ဌာန်ရှိ ဖရဲသီးများ ထုတ်လုပ်သည့်နည်းတူ ပန်းငရုတ်နှင့် သခွားဖရုံတို့ကို စတုဂံပုံဖြင့်ထုတ်လုပ်မည်

အဘူဒါဘီ ဧပြီ ၈

ဂျပန် စိုက်ပျိုးရေးနည်းပညာရှင်များသည် မကြာသေးမီနှစ်များအတွင်းက အန်စာတုံး ပုံသဏ္ဌာန်နှင့် ပိရမစ်ပုံသဏ္ဌာန်ရှိ ဖရဲသီးများကို ထုတ်လုပ်နိုင်ခဲ့ပြီးနောက် အာရပ်စော်ဘွားများပြည်ထောင်စုရှိ စိုက်ပျိုးရေးသိပ္ပံပညာရှင်များက ပန်းငရုတ် နှင့် သခွားဖရုံတို့ကို ထောင့်မှန်စတုဂံပုံစံဖွဲ့စည်းပုံဖြင့် ထုတ်လုပ်နိုင်ရန် စမ်းသပ်မှုများ ပြုလုပ်နေကြောင်း ဧပြီ ၈ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အာရပ်စော်ဘွားများပြည်ထောင်စုမှ စိုက်ပျိုးရေးသိပ္ပံပညာရှင်များသည် မြို့တော်အဘူဒါဘီတွင် အန်စာတုံး ပုံသဏ္ဌာန်ရှိ ခရမ်းချဉ်သီးများနှင့် သခွားသီးတို့ကို အောင်မြင်စွာ စိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

ထုတ်ပိုးမှုလွယ်ကူရန်

ဂျပန် စိုက်ပျိုးရေးပညာရှင်များသည် စားသုံးသူများအနေဖြင့် ၎င်းတို့၏ ရေခဲသေတ္တာများအတွင်း ဖရဲသီးများကို အဆင်ပြေစွာထည့်သွင်းထားရှိနိုင်ရန် လည်းကောင်း၊ ဖရဲသီးများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ထုပ်ပိုးမှုလွယ်ကူပြီး သယ်ဆောင်မှု ချောမွေ့နိုင်ရန် လည်းကောင်း အန်စာတုံးပုံစံနှင့်ပိရမစ်ပုံစံ ဖရဲသီးများကို ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အန်စာတုံးပုံသဏ္ဌာန်နှင့် ပိရမစ်ပုံသဏ္ဌာန် ဖရဲသီးများဖြစ်လာစေရန် ကြီးထွားနေဆဲအဆင့်ရှိ ဖရဲသီးကို ဖန်သားဖြင့်ပြုလုပ်ထားသော ပုံစံခွက်အတွင်း ထားရှိရသည်ဟုဆိုသည်။

အင်တာနက်။

ဂျပန် စိုက်ပျိုးရေး နည်းပညာရှင်များ၏ နည်းစနစ်သစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ထားသော ပိရမစ်ပုံသဏ္ဌာန် ဖရဲသီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဆင့်မြင့်တန်းကွင်းပိတ် အကြိုဗိုလ်လုပွဲ မြို့တော်စည်ပင်က ပြည်ထဲရေးကိုနိုင် စွမ်းအင်နှင့် မြို့တော်စည်ပင် ဗိုလ်လုမည်

ရန်ကုန် ဧပြီ ၈

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်ရှုံး၊ထွက် ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မြို့တော်စည်ပင်အသင်းနှင့် ပြည်ထဲရေးအသင်းတို့သည် ယနေ့ ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ မြို့တော်စည်ပင်အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြို့တော်စည်ပင်အသင်း - တစ်ဂိုး။
(လှအေးထွေး)
ပြည်ထဲရေးအသင်း - ဂိုးမရှိ။
ဒိုင်လူကြီး - ဦးကံသိန်း

အမာခံကစား သမားဖြစ်သည့် နေသူလှိုင်၊ စည်သူဝင်းနှင့် ခင်မောင်ထွေးတို့ မပါဝင်သော်လည်း ပြည်ထဲရေးအသင်းက ကြိုးစားကစားသွားသောကြောင့် မြို့တော်စည်ပင်အသင်း ခဲရာခဲဆစ်ကစားပြီးမှ အနိုင်ရသွားခြင်းဖြစ်သည်။

မြို့တော်စည်ပင်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲအစလေးမိနစ်တွင် လှအေးထွေးက သွင်းယူပေးခဲ့သည်။

ဗိုလ်လုပွဲ

ဗိုလ်လုပွဲအဖြစ် စွမ်းအင်နှင့် မြို့တော်စည်ပင်အသင်းတို့သည် ဧပြီ ၁၁ ရက်ညနေ ၃နာရီခွဲတွင် အောင်ဆန်းကွင်း၌ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (ကြေးမုံ)

ပြည်ထဲရေးမှ စောကြယ်လင်း၏ ထိုးဖောက်ဂိုးသွင်းမှုကို မြို့တော်စည်ပင် ဂိုးသမား ထွန်းထွန်းလင်း ကာကွယ်ပုတ်ထုတ်စဉ်။
(ဓာတ်ပုံ-စိုးညွန့်၊ကြေးမုံ)

ဗီးနပ်စ်အိပ်စပရက်စ် လေ့လာရေးအာကာသယာဉ် သောကြာဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းအတွင်းသို့ဝင်မည်

ဒမ်းစတတ်(ဂျာမနီ) ဧပြီ ၈

ဗီးနပ်စ်အိပ်စပရက်စ် (Venus Express) အမည်ရှိ သောကြာဂြိုဟ်လေ့လာရေးအာကာသယာဉ်သည် လာမည့်ရက်သတ္တပတ်တွင် မစ်ရှင်ခရီးစဉ်၏ ဘေးအန္တရာယ်အကြီးမားဆုံးအဆင့်သို့ ဝင်ရောက်မည်ဖြစ်သည်။ ယင်းမှာ သောကြာဂြိုဟ်ဝန်းကျင်ရှိ ဂြိုဟ်ပတ်လမ်းအတွင်းသို့ အဆိုပါ အာကာသယာဉ် ဝင်ရောက်ရန်ရှိနေခြင်းပင်ဖြစ်ကြောင်း ဧပြီ ၈ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဥရောပအာကာသအေဂျင်စီသည် သောကြာဂြိုဟ်စူးစမ်းလေ့လာရေး အစီအစဉ်ကို ပထမဆုံးအကြိမ် အကောင်အထည်ဖော်လျက်ရှိသည်။ လူလိုက်ပါခြင်းမရှိသည့် အာကာသမစ်ရှင်ခရီးစဉ်အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ နေစကြဝဠာတွင် ကမ္ဘာဂြိုဟ်နှင့် အနီးဆုံးဂြိုဟ်တစ်လုံးဖြစ်သော သောကြာဂြိုဟ်နှင့် ပတ်သက်၍ နက်နက်ရှိုင်းရှိုင်း စူးစမ်းလေ့လာနိုင်ရန် ဖြစ်သည်။



သောကြာဂြိုဟ် စူးစမ်းလေ့လာရေးအတွက် စေလွှတ်ခြင်းမပြုမီ Venus Express အာကာသယာဉ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ချောချောမောမော ဝင်ရောက်နိုင်ရန်

ဂျာမနီနိုင်ငံတောင်ပိုင်းဒမ်းစတတ်မြို့ရှိဥရောပအာကာသအထူးလုပ်ငန်းများဗဟိုဌာနသည် ဗီးနပ်စ်အိပ်စပရက်စ်အာကာသယာဉ်ကို ဧပြီ၁၁ရက်တွင် သောကြာဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်ရန် ရေဒီယိုဖြင့် ညွှန်ကြားမည်ဖြစ်သည်။ အာကာသမစ်ရှင် ထိန်းချုပ်ရေးမှူးများသည် သောကြာဂြိုဟ်ဝန်းကျင်ရှိဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ဗီးနပ်စ် အိပ်စပရက်စ် အာကာသယာဉ် ချောချောမွေ့မွေ့ဝင်ရောက် နိုင်စေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြသည်။

အာကာသမစ်ရှင်ထိန်းချုပ်ရေးမှူးများ၏ ကြီးလေးသော တာဝန်မှာ အာကာသယာဉ်ကို ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဝင်ရောက်နိုင်စေရန် ယင်းယာဉ်၏ အမြန်နှုန်းကို သင့်တင့်လျောက်ပတ်သည့်အချိန်တွင် လျှော့ချပေးရန်နှင့် သောကြာဂြိုဟ်၏ ဆွဲငင်အားအတွင်းသို့ အာကာသယာဉ် ဝင်ရောက်စေရေး လုပ်ဆောင်ရန်ဖြစ်သည်။

အလေးချိန် ၁ ဒသမ ၂ တန်

အလေးချိန် ၁ဒသမ၂တန်ရှိ ဗီးနပ်စ်အိပ်ပရက်စ်အာကာသယာဉ်သည် အစီအစဉ်အတိုင်း ဂြိုဟ်ပတ်လမ်းကြောင်းအနီးသို့ ချဉ်းကပ်နိုင်ခြင်းမရှိပါက တစ်နာရီလျှင် ကီလိုမီတာ ၂၉၀၀၀နှုန်းဖြင့် ရွေ့လျားရိုက်ခတ်နိုင်ကာ တစ်ပိုင်းတစ်စစီပြိုကွဲ ပျက်စီးသွားမည်ဖြစ်သည်။

ဗီးနပ်စ်အိပ်စပရက်စ် အာကာသယာဉ်သည် သောကြာဂြိုဟ်အနီးအပါးသို့ ရောက်ရှိရန် ကီလိုမီတာသန်း ၄၀၀အကွာအဝေးရှိ ခရီးတာကို နှင်ခဲ့ပြီးဖြစ်သည်။

အင်တာနက်။

ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၈

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဧပြီ ၉ ရက်တွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌများ၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားသည်။ (ကြေးမုံ)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

မောင်စည်သူကိုကို(ခ)ငယ်ငယ်
(၄)နှစ်မြောက် မွေးနေ့မင်္ဂလာ

၉-၄-၂၀၀၆ရက်တွင် ကျရောက်သော သားငယ် မောင်စည်သူကိုကို(ခ)ငယ်ငယ်ရဲ့ (၄)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့်အတူတကွ နေထိုင်နိုင်ပြီး သာသနာ့အကျိုး၊ တိုင်းပြည်အကျိုး ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သောဘွားဘွား – ဒေါ်မြစိန်
ချစ်သော ဖေဖေ – မေမေ
ကိုကြီး – ကိုရဲမင်းကိုကို
ကိုလတ် – ဒုဗိုလ်သီဟကိုကို
မမ – စောသီရိကိုကို(ခ)ချောချော

တောင်ကြီးတက္ကသိုလ်
ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒ အထူးပြုဖြင့် (၁၉၉၃၊ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၆)ခုနှစ်များတွင် စတင်တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ၂၇-၅-၂၀၀၆(စနေနေ့)တွင် တောင်ကြီးတက္ကသိုလ်မှာရုံ၌ ပြုလုပ်မည် ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများထံသို့ ဆက်သွယ်ကြပါရန်။

ကိုသန်းဌေးဝင်း	ဖုန်း-၀၈၁-၂၉၄၈၉
မစန္ဒာဝင်း	ဖုန်း-၀၈၁-၂၁၀၁၁
ကိုသိန်းဇော်မြင့်	ဖုန်း-၀၈၁-၂၄၀၂၄
ကိုစိုင်းစိုးညွှန့်	ဖုန်း-၀၈၁-၆၀၅၀၈
ကိုမင်းထွဋ်ဦး	ဖုန်း-၀၈၁-၂၄၀၁၅
ကိုအောင်မြတ်စိုး	ဖုန်း-၀၁-၅၀၃၆၀၉၊ ၀၁-၅၃၆၁၆၄

ပဏ္ဍိတဓဇဒနိယဒိပနိကျမ်း
နှစ်(၁၀၀)ပြည့် အထူးထုတ်
ထွက်ပြီ

The Fifth Myanmar ICT Week, 2006
ICT Exhibition
သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ

ပြပွဲအမည် – ICT Exhibition The Fifth Myanmar ICT Week, 2006
ကျင်းပမည့်နေရာ – ရန်ကုန်မြို့၊ ဒဂုံမြို့နယ် (တပ်မတော်ခန်းမ)
ကျင်းပမည့်နေ့ရက် – ၂၀၀၆ခုနှစ်၊ ဧပြီလ ၂၈ရက်မှ ၃၀ရက်အထိ

ပဉ္စမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ကို ၂၀၀၆ခုနှစ် ဧပြီလ ၂၈ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါပြပွဲတွင် ပါဝင်ပြသရောင်းချလိုသော ကုမ္ပဏီများအနေဖြင့် ၂၀၀၆ခုနှစ် ဧပြီလ ၁၁ ရက် နံနက်၁၁နာရီ နောက်ဆုံးထား၍ Myanmar Info-tech တက္ကသိုလ်များ (လှိုင်နယ်မြေ)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၇၂-၇၄ သို့ လျှောက်ထားနိုင်သည်။

မောင်စည်သူကိုကို(ခ)ငယ်ငယ်
(၄)နှစ်မြောက် မွေးနေ့မင်္ဂလာ

ချစ်တူလေး စည်သူကိုကို(ခ)ငယ်ငယ်ရဲ့ ၉-၄-၂၀၀၆ရက်နေ့တွင် ကျရောက်သော မွေးနေ့မှစ၍ နောင်နှစ်ပေါင်းတစ်ရာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံနိုင်ပြီး လိမ္မာယဉ်ကျေးထူးချွန်ထက်မြက်သော လူတော်လူကောင်းဖြစ်ပါစေ။

ချစ်သော – ဘဘကြီး
ကြီးကြီး – အန်တီဖန်း
– ဦးလေးစိုး၊ အစ်ကို၊ အစ်မများ (လားရှိုး)

383524, 299520
Apr 9
Apr 10
Apr 13
Apr 13

UNIQUE STAR TRAVELS & TOURS CO.,LTD

၁	Apr 7,9,21,28	(50000)
၂	Apr 13	(35000 /80000)
၃	Apr 13	(50000/80000)
၄	Apr 10,11,12	(150000)
၅	Apr 13	(95000)
၆	Apr 13	(95000)
၇	Apr 13	(95000)
၈	Apr 13	(110000)
၉	Apr 20,27	(70000)

391 419, 391 372, 391 373, 09 514 8070

သင်္ကြန်တွင်းအထူးခရီးစဉ်များ၊ ကျိုက်ထီးရိုးနေ့စဉ်၊ ...နေ့စဉ်...အထူးခရီးစဉ်(14.4.2006)ထွက်မည်၊ ...အထူးခရီးစဉ်(20.4.2006)ထွက်မည်၊အထက်မြန်မာပြည်ခရီးစဉ်များApril-18,21,28.May-5,12,19,26 အပတ်စဉ်သောကြာနေ့တိုင်းပြေးဆွဲပေးမည်။
အမှတ်(၂၃၅)ပန်ဆိုးတန်းလမ်းမ(အထက်)၊ ☎ 249871

Y.E.S. အင်္ဂလိပ်စာသင်တန်းများ
Basic Spoken English: April -18,22, 24
Academic Writing, Basic Writing: April-22,24,29
Vocabulary Enrichment Course: April - 24
Pre-Intermediate English: April - 24
Intermediate English: April - 29
Academic Preparation For IELTS (4-Skills) April-24
New SAT: April-24, TOEFL, IELTS, IWC, GFC

ရွှေတိုးဒေဝီ သင်္ကြန်နှစ်ဆိုးစဉ်များ
373275, 708342

246313
Ph: 707062, 09-5143330

SUCCESS LANGUAGE ACADEMY
ENGLISH SPEAKING
22 Apr ⇨ 2:30-5 p.m.
24 Apr ⇨ 7:30-9 a.m.
2 May ⇨ 10-11:30 a.m.
Basic Writing 22 Apr ⇨ 10:00-12
Pre-Intermediate 19 Apr ⇨ 6-7:30, 15 May ⇨ 1-2:30
Intermediate 2 May ⇨ 5:30-7:30
Grammar Foundation 8 Apr 10:00-12 (Sat + Sun)
Academic Writing 24 Apr ⇨ 3:30-5
IELTS (Special)
(Level .1) 12 May (7:30 a.m.) /(Level .2) 22 May(1 p.m.)
Y.W.C.A

ကရဝိက်ဥယျာဉ်ကမ္ဘာ



မိန်မြို့ရွှေရတနာဆိုင်
526214
723469
ကွမ်းရွက်ပုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. ˚A. Y.˚ Alekseev တို့ မော်စကိုမြို့ Vnukovo-2 လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးနှင့် ဇနီး ဒေါ်မြင့်မြင့်သိန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Oleg V.Kabanovလိုက်ပါလျက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူးတို့ တွေ့ဆုံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lobko တို့သည် ဧပြီ ၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံး Smolny အခန်း(၃၈၂)၌ တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်စိုးတို့ တက်ရောက်ကြပြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး Mr. ˚Lobko တို့ စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)